မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၈ ခုနှစ်၊ ဧပြီ ၄ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၈၇)

တပေါစ တော်မင်္ဂလ မုတ္တမံ

ငြိမ်းခြိမ့်စွာ ကျင့်သုံးနေထိုင်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု
မြစ်ကြီးနားၖ ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့်

နေပြည်တော် ဧပြီ ၃

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက် သစ္စာလမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါလမ်းသစ်မုခ်ဦးၖ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တက်ရောက်သည်။

ကတ္တရာလမ်း

အဆိုပါလမ်းသစ်မှာ အရှည်ပေ ၁၃၀၀ ၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းအမျိုးအစားဖြစ်ပြီး လမ်းသစ်ဖောက်လုပ်နိုင်ရန် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကတ္တရာဖိုးငွေ ကျပ် ၃၇၇၀၀၀၀ နှင့် ရပ်ကွက်နေပြည်သူများက ပူးပေါင်းထည့်ဝင်ငွေကျပ် ၆၀၅၆၀၀၀ ဖြင့် စုစုပေါင်းငွေကျပ် ၉၈၂၆၀၀၀ အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဘုန်းဇော်ဟန်တို့ အောင်မြေသာစံမြို့နယ် ၇၆ လမ်း(စည်သာလမ်း)(၁၂လမ်းမှအိုးဘိုအထိ) ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အောင်မြေသာစံမြို့နယ် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဧပြီ ၃

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်ခဲ့သော မန္တလေး အောင်မြေသာစံမြို့နယ် ၇၆ လမ်း(စည်သာလမ်း)(၁၂လမ်းမှ အိုးဘိုအထိ) ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၈ နာရီခွဲက အဆိုပါလမ်းသစ်မုခ်ဦးထိပ်ၖ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဘုန်းဇော်ဟန်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူးတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူးသည် ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့ဖွင့်လှစ်သည့် ကတ္တရာလမ်းသစ်သည် လမ်းအရှည် ပေ ၅၆၃၀ ဖြစ်ပြီး လမ်းအကျယ် ပေ ၂၀ ဖြစ်သည်။ စုစုပေါင်းငွေ ၇၃၆၃၈၅၇၂ ကျပ် ကုန်ကျခဲ့ရာ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၄၉၀၉၂၃၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ဘေးရန်ဆီးကာ . . . . ရမည်သာ

ဟိုလွန်ခဲ့တဲ့ နှစ်အစိတ်၊ သုံးဆယ်ဝန်းကျင်က ရွှေမန်းမေ၊ ဒဂုံလွင်စတဲ့ ရန်ကုန်-မန္တလေးအမြန်ရထားတွေ၊ ရန်ကုန်-မော်လမြိုင်အမြန်ရထားတွေ မိုင်းခွဲတိုက်ခိုက်ခံရလို့ ပိုးစိုးပက်စက် သေကျေပျက်စီးဆုံးရှုံးရပုံတွေကို သတင်းစာအဟောင်းတွေမှာ ပြန်ကြည့်ရင်တွေ့နိုင်ပါတယ်။ ဒီနေ့ ဒီအချိန်အခါမှာ ဒါမျိုးတွေ ထပ်အဖြစ်ခံရဦးမှာလား။ သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ဒေသခံ တိုင်းရင်းသားပြည်သူတွေ ပူးပေါင်းပြီးဒေသဆိုင်ရာ လမ်းပန်းဆက်သွယ်မှု လုံခြုံရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်သူလူထုကိုယ်တိုင်ကလည်း အဲဒီကျေးဇူးတွေကို သိမြင်ထောက်ထားပြီးသွားသတိ၊ လာသတိနဲ့ အမြဲသတိပြုနေသင့်ပါတယ်။

လေ့လာသူတစ်ဦး၏ ဆောင်းပါး (စာ - ၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဧပြီ ၄ ရက်)

စက်မှုကဏ္ဍ အရှိန်အဟုန်မြင့်မားရေး စက်ပစ္စည်းများ အရည်အသွေးမီတိုးမြှင့်ထုတ်လုပ်

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍစသည့် စီးပွားရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ဖြည့်ဆည်း ဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်က အမျိုးသားစီးပွားရေး တိုးတက်ခိုင်မာရေးကိုဦးတည်ပြီး စက်မှုလုပ်ငန်းရှင်ကို အားပေးကူညီနေသည်။ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း စက်မှုနယ်မြေများ တည်ထောင်ခြင်း၊ စက်မှုဇုန်များတည်ဆောက်ခြင်း၊ စက်ရုံအလုပ်ရုံသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းတို့နှင့်အတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

ယခုအခါ တစ်နိုင်ငံလုံး၌ စက်မှုဇုန်၁၈ဇုန်နှင့် စက်မှုဇုန်ခွဲများ ပေါ်ထွန်းလာပြီဖြစ်ရာ ပုဂ္ဂလိကစက်မှုလက်မှု လုပ်ငန်းပေါင်းတစ်သိန်းကျော် ရှိနေပြီဖြစ်သည်။ စက်မှုဇုန်များသည် သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများသာမက လယ်ယာသုံးစက်ကိရိယာများ၊ စက်အရန်ပစ္စည်းများနှင့် ပြည်ပပို့ကုန်များကိုပါ တိုးမြှင့်ထုတ်လုပ်လာလျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ရုံအလုပ်ရုံများ၊ စက်မှုဇုန်များအနေဖြင့် စက်စွမ်းအားမြှင့် ထုတ်လုပ်ရေးနှင့် ဈေးကွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမီမီ ကျယ်ပြန့်စွာ ထုတ်လုပ်နိုင်ရေး တီထွင်ကြိုးပမ်းကြရမည် ဖြစ်သည်။

စက်မှုလုပ်ငန်းရှင်များကလည်း စက်မှုဇုန်များ ခိုင်ခိုင်မာမာ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်က အားထားရသော စက်မှုဇုန်ကြီးများဖြစ်ပေါ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စက်မှုဇုန်များက စက်ပစ္စည်းများကို အရည်အသွေးမီ တိုးမြှင့်ထုတ်လုပ်လာနိုင်သည်နှင့်အမျှ မြန်မာ့စက်မှုလက်မှုကဏ္ဍ အရှိန်အဟုန်မြင့်မားတိုးတက်လာပြီး စက်မှုနိုင်ငံဖြစ်ပေါ်လာရေး အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် လမ်းမတော်မြို့နယ် ၅လမ်း အမှတ်(၇၈)နေ မိခင်ကြီး ဒေါ်ခင်ကြည်အား ရည်စူး၍ ဖခင်ကြီး ဦးလှကြည်မိသားစုက အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဟံညွန့်၊ ဦးသိန်းထွန်းနှင့် ဦးအေးမြင့်တို့က လက်ခံယူကြသည်။ **(အောက်ပုံ)**

(က-ပ)

မြဝတီရုပ်မြင်သံကြား

၄-၄-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသကြ်န်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၁၅	၄။	မဟာဂီတ ချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	မြန်မာသကြ်န်
၄း၄၀	၇။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၀	၈။	အမျိုးသားရေးတေးကဗျာ
၅း၀၀	၉။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မြန်မာသကြ်န်
၆း၂၅	၁၄။	စောင့်မျှော်ရူစား ကြိုးဝိုင်းစကား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ**(အပိုင်း-၉)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	စေညွှန်ရာလမ်းမများ **တက္ကစီမင်းနှင့်သကြ်န်ချစ်သူ**
	၂၁။	စိုက်ပျိုးသုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၂၀)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်အချောထည်စက်ရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၁ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၃)စက်မှုဇုန်ရှိ Fly Man ကုမ္ပဏီလီမိတက် National Pride သစ်အချောထည်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံမှထုတ်လုပ်သော သစ်ခွဲသားများ၊ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားသော တန်ဖိုးမြင့်သစ်အချောထည်များ၊ သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်နှင့် ကုန်ချောထုပ်ပိုးစက်များကိုလည်းကောင်း၊ လှိုင်သာယာမြို့နယ် အမှတ်(၄)စက်မှုဇုန်ရှိ Asia Wood သစ်အချောထည်စက်ရုံ**(အောက်ပုံ)**၌ နိုင်ငံခြားသို့တင်ပို့ရန် ထုပ်ပိုးထားသော ပရိဘောဂပစ္စည်းများ၊ တန်ဖိုးမြင့်သစ်ခွဲသားများ၊ ပရိဘောဂထုတ်လုပ်နေမှုအဆင့်ဆင့်၊ သစ်ခွဲစိတ်မှုအဆင့်ဆင့်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



စုပေါင်းရဟန်းခံရှင်ပြုပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၃

ပဓာနနာယက ဆရာတော် ဘဒ္ဒန္တမေဓမိတ္တအား အမှူးထား၍ စစ်တကောင်း ဗုဒ္ဓဘာသာအသင်းမှ ဦးစီးကျင်းပသော ဘာရူးဝါးလူမျိုးစု၏ စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာကို ဧပြီ ၁၁ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဧပြီ ၁၂ရက် နံနက် ၉ နာရီတွင် သိမ်ဆင်းလောင်းလှူပြီး ရေစက်ချတရားတော်နာ ကြွရောက်ပါရန်နှင့် ရဟန်းလောင်း၊ သာမဏေလောင်းများနှင့် အလှူရှင်များ ဧပြီ ၉ ရက် နောက်ဆုံးထား၍ ဘဒ္ဒန္တ မေဓမိတ္တ ဦးစီးပဓာနနာယကဆရာတော် ၁၅၈ အထက်ပန်းဆိုးတန်းလမ်းကန်/ မြောက်ရပ်ကွက် မင်္ဂလာ တောင်ညွန့်မြို့နယ် စစ်တကောင်း ဓမ္မဒူတ ကျောင်းတိုက် ဖုန်း-၃၇၉၂၁၆၊ ဦးအန်ဂျန်ဘာရူးဝါး ဖုန်း-၂၄၂၄၄၈နှင့် ဦးဘီကြူ ဘာရူးဝါး ဖုန်း-၀၉-၅၁-၈၁၉၉၈ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မအူကုန်းဓမ္မာရုံ သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၃

တာမွေမြို့နယ် မအူကုန်းရပ်ကွက် ဓမ္မာရုံစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ရပ်ကွက်အတွင်းရှိ အသက် (၈၀)နှင့်အထက် အဘိုး၊အဘွားများအား (၁၇)ကြိမ်မြောက် စုပေါင်းသက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ရက်(နှစ်ဆန်းတစ်ရက်) ကြာသပတေးနေ့ နံနက် ၈နာရီတွင် အမှတ်၄၃၊ ၁၃၈လမ်းရှိ မအူကုန်းဓမ္မာရုံတွင် ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် ကျင်းပမည်ဖြစ်ရာ စေတနာရှင်၊အလှူရှင်နှင့် ရပ်မိရပ်ဖများပါဝင်လှူဒါန်း ပူဇော်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် **FMI City** ရွှေစံပယ်လမ်းနေ သရုပ်ဆောင်အဆိုတော် ထွန်းထွန်း၏ မွေးနေ့အထိမ်းအမှတ် မိသားစုက ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၅)၊ အမှတ်(၉)ထွက်ပြီ

ရန်ကုန် ဧပြီ ၃

ယခုတစ်ပတ်ဂျာနယ်တွင် ပင်လယ်ငါးဖမ်းလုပ်ငန်းများတွင် ငါးကြီးထက်ငါးသေးပိုမိုဖမ်းမိ၊ ADRA Myanmar မှ မွေးမြူရေးနည်းပညာ အကူအညီများပေးအပ်နေ၊ ယာဉ်ရပ်နားလုပ်ငန်း တင်ဒါမြန်မာ့မီးရထားမှ ခေါ်ယူနေ၊ ဗီလားငါးအမယ်သစ် အစားထိုးပို့ကုန် ဖြစ်လာနိုင်၊ ကုန်သည်ကြီးများ၊ အသင်းချုပ်နှစ်ပတ်လည်အစည်းအဝေး သတင်းမီဒီယာများအား နေပြည်တော်သို့ ဖိတ်ကြားစသည့် မျက်နှာဖုံးသတင်းများ၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၏ ရတနာပုံခေတ်လစာရိက္ခာဆောင်းပါး၊ ဖွံ့ဖြိုးတိုးတက်နေသည့် ယနေ့ မွေးမြူရေးဇုန်များ၊ ကျေးလက်နေ ပြည်သူများအတွက် နို့စားနွားမွေးမြူရေးများ၊ ကိုကို(ကျိုက်ဝိုင်းသား)၏ သနပ်ခါးရနံ့သင်းပျံ့ချိန်ဆောင်းပါး၊ မောင်မြား၏ သဘောတွေ့မယ့် အသော့ အထွေ့ဟာသများ စသည့် ကဏ္ဍစုံလင်စွာဖြင့် ဖော်ပြပါရှိသည်။ **(အပေါ်ပုံ)**

ဆက်သွယ်ရန်

စိမ်းလဲ့ရွှေပြည်ဂျာနယ် ဝယ်ယူနိုင်သည့်ဆိုင်များမှာ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းစာအုပ်ဆိုင်၊ ပန်းရွှေပြည်စာအုပ်ဆိုင်နှင့် ခရိုင်ဖြန့်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများတွင် ဝယ်ယူ ရရှိနိုင်သည်။ အနယ်နယ်အရပ်ရပ်မှ စာမူများကို ဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန်လိပ်စာမှာ ရွှေနိုင်ငံဂျာနယ် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အဆောက်အအုံ အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၂၀၇၀ ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနေဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက်ဆောက်လုပ်ဆဲဖြစ်သော လေးထပ်ဘောဇနေဆောင်ကြီးအတွက် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီးအား ဦးထိပ်ထားလျက် မန္တလေးမြို့ မိဂဒါဝုန်ကျောင်းတိုက် မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာကျောင်းမှ ဓမ္မကထိကဆရာတော် ဦးသုမင်္ဂလက ငွေကျပ်ရှစ်သိန်းရှစ်သောင်း၊ ဦးငြိမ်းမောင်-ဒေါ်စန်းရီ(အောင်သပြေကဖီး)မိသားစု မင်္ဂလာတောင်ညွန့်က ငွေကျပ်ငါးသိန်းတစ်သောင်း၊ ဦးသန်းထွန်း-ဒေါ်တင့်တင့် မိသားစု ၁၆၇လမ်း တာမွေက ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးထွန်းအောင်-ဒေါ်သီ မိသားစု အရှိုးကုန်းလမ်း တာမွေက ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်စန်းမြင့်မိသားစု ကြို့ကုန်းရိပ်သာ အင်းစိန်က ငွေကျပ်တစ်သိန်း၊ မဆုမြတ်နိုးဆင့်ကမ္ဘာအေးက ငွေကျပ်တစ်သိန်း၊ ဒေါ်ငွေးကြည်၊ သမီး မေသဥ္ဇာဟန် ၁၆၆လမ်း တာမွေကငွေကျပ်နှစ်သိန်း အသီးသီးလှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထန်းတပင်ကျောင်းတိုက် သင်္ကြန်တွင်းတရားစခန်း

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် စဥ့်ငူရပ်ကွက် ထန်းတပင်ကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော အဌမအကြိမ်မြောက် သင်္ကြန်တွင်းတရားစခန်းကို ဧပြီ ၁၂ရက်မှ ၁၇ရက်(၁၃၆၉ခုနှစ် တန်ခူးလဆန်း ၇ရက်မှ ၁၂ရက်)အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဧပြီ ၁၁ရက် ညနေအရောက် လာရောက်ကြရမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် လယ်တီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကလေးဝတောရ ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ ထန်းတပင်ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသီလာစာရာဘိဝံသ၊ ဘဒ္ဒန္တဥက္ကံသတို့က တရားတော်များ ဟောကြား ပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများနှင့် ဆွမ်းစရိတ်လှူဒါန်းလိုသော အလှူရှင်များသည် ထန်းတပင်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အထက(၂)လှိုင် (ဒေါ်သာထက် အထက်တန်းကျောင်း) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၃

အထက(၂)လှိုင်(ဒေါ်သာထက် အထက်တန်းကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းရှိ သိင်္ဂီရွှေဝါခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အငြိမ်းစား ဆရာကြီးဆရာမကြီးများနှင့် အဝေးရောက်ဆရာကြီးဆရာမကြီးများအားလုံး ဆက်သွယ်ကြရန်နှင့် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။ အလှူငွေနှင့်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသည့် ကျောင်းသားကျောင်းသူဟောင်းများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိန် ဖုန်း-၅၃၄၉၃၆၊ ဆရာဦးမင်းဇော် ဖုန်း-၆၅၃၅၉၅၊လိုင်းခွဲ-၂၄၀၊ ဒေါ်စန်းစန်းဝင်း ဖုန်း-၇၂၅၆၀၈၊ ဦးအုန်းကြူ ဖုန်း-၀၉-၅၁-၀၁၂၈၆၊ ဦးရဲနိုင်လင်း ဖုန်း-၀၉-၅၁-၀၀၃၉၃၊ ဦးကြည်သန်း ဖုန်း-၇၂၁၇၅၁၊ ဦးဂျင်မီ ဖုန်း-၀၉-၅၁-၁၈၁၃၈၊ ဦးမျိုးမြတ်သူ ဖုန်း-၀၉-၈၀-၃၄၇၁၀နှင့် ဦးမျိုးခင် ဖုန်း-၀၉-၅၁-၈၇၅၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မတ် ၂၇ရက်က ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် ၈လမ်း အမှတ်၁၀နေ ဦးအေးသိန်း-ဒေါ်ရည်ရည်မြင့်နှင့်သားအာကာမိုးဦး၊ ဗိုဇန်နိုးဦး မိသားစုက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၄၂ရပ်ကွက်ရှိ ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက် အတွင်း၌ လှူဒါန်းသည့် ငွေကျပ် သိန်း ၂၇၀ တန် အခမဲ့ ဓီဝိတဒါန ဆေးခန်းနှင့် အခမဲ့ ဥဒကဒါန ရေအလှူတော်ဖွင့်ပွဲ ကျင်းပရာ စစ်ကိုင်း တောင်ရိုးရွှေဟင်္သာတိုက်သစ် ဆရာတော် ဘဒ္ဒန္တသံဝရာဘိဝံသနှင့် အလှူရှင် ဦးအေးသိန်းတို့က ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ ချုပ်ကြီးတွင် သင်္ကြန်အထူး ၁၀ရက် တရားစခန်းပွဲကို တန်ခူးလဆန်း ၆ရက်မှ ၁၅ရက် (ဧပြီ၁၁ရက်မှ၂၀ရက်အထိ) ကျင်းပမည်ဖြစ်သည်။ ယင်းတရား စခန်းပွဲကို အဖွဲ့ချုပ်နာယက ဆရာတော်ကြီး သုဝဏ္ဏသိင်္ဂီ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကစ္စာယန (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့်သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်ကြမည့် ယောဂီများသည် ဧပြီ ၁ရက် မွန်းတည့် ၁၂နာရီတွင်စတင်စာရင်းပေးသွင်းရမည်ဖြစ်ရာ အသေးစိတ်သိလိုပါက ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(က-ပ)**

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရခိုင်ပြည်နယ်ရှိ ဌာနဆိုင်ရာများနှင့် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များအားတွေ့ဆုံ

နေပြည်တော် ဧပြီ ၃

ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ)ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့သည် မတ် ၃၀ရက်က ဂွမြို့နယ် နန္ဒရုံသီကင်းရုံးကျောင်းတိုက်သို့ ရောက်ရှိပြီး မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းမှဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆေးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ဂွမြို့နယ်ဆပ်သွားကျေးရွာ အခြေခံပညာ(တွဲဖက်)အထက်တန်းကျောင်းခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကား ပြောကြားကြသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ဆပ်သွားကျေးရွာ အခြေခံပညာ (တွဲဖက်) အထက်တန်းကျောင်းအတွက် အလှူငွေကျပ်နှစ်သိန်းနှင့် ဘိလပ်မြေ အိတ် ၅၀၊ ကျေးရွာပြည်သူများအတွက် အဝတ်အထည်များနှင့် စာစောင်များကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျွန်တော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ ကျွန်တော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က ကျွန်တော်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့က လိုအပ်သည်များကို ဆွေးနွေးမှာကြားကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူငွေကျပ် ငါးသိန်း၊ လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေကျပ်တစ်သိန်းစီနှင့် အဝတ်အထည်များနှင့် စာအုပ်စာစောင်များကို ထောက်ပံ့ပေးအပ်သည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် သံတွဲမြို့နယ် ကျောက်ကြီးကျေးရွာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသော လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက ကျောက်ကြီးကျေးရွာ စိမ့်စမ်းရေသွယ်ရေးလုပ်ငန်းအတွက် ငွေကျပ်၁၅သိန်းနှင့် ကျေးရွာပြည်သူများအတွက် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဧပြီ ၃

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ မော်လမြိုင်ကျွန်း-တယ်ချောင်းကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁ရက် မွန်းလွဲပိုင်းက အဆိုပါမုခ်ဦးနေရာ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်သည်။

လွယ်ကူချောမွေ့

အဆိုပါ မော်လမြိုင်ကျွန်း-တယ်ချောင်းလမ်းမှာ အရှည်ပေ ၇၉၀၀၊ အကျယ် ၁၀ပေရှိ ကျောက်ချောလမ်းဖြစ်ပြီး တယ်ချောင်းကျေးရွာအုပ်စုအတွင်းရှိ တယ်ချောင်းကျေးရွာ၊ နတ်စင်ချောင်းကျေးရွာ၊ ကွင်းချောင်းကျေးရွာ၊ ကျွန်းခင်မကျေးရွာ၊ စောကဲချောင်းကျေးရွာများနှင့် မော်လမြိုင်ကျွန်းမြို့သို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက် လမ်းတစ်လမ်းဖြစ်ပြီး ကျေးရွာအုပ်စုလေးစု၊ ကျေးရွာပေါင်း ၂၉ရွာအနေဖြင့် ရာသီမရွေး မော်လမြိုင်ကျွန်းမြို့ပေါ်သို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဖွံ့ဖြိုးရေး

ထို့နောက် ဝန်ကြီးသည် မော်လမြိုင်ကျွန်းမြို့နယ်ခန်းမ၌ လူမှုရေးအသင်း အဖွဲ့များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ နိုင်ငံတော်အစိုးရက ပြည်သူများအတွက် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု၊ ဒေသများအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးနေမှုများကို ဆွေးနွေးရှင်းလင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ရန်ကုန်ရောက် ပြင်ဦးလွင်မြို့ St.Joseph's Convent ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲ

ရန်ကုန် ဧပြီ ၃

ရန်ကုန်ရောက် ပြင်ဦးလွင်မြို့ **St.Joseph's Convent** မှ ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို ဧပြီ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီမှ မွန်းလွဲ၁နာရီအထိ အမှတ် ၄၇၊ **Eugenia Cafe** (အပေါ်ထပ်) အလုံလမ်းနှင့် ဗဟိုလမ်းထောင့် အလုံမြို့နယ် ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ တက်ရောက်လိုသူများသည် ဒေါ်လေးကျော် **(Rosie Pwa)** ဖုန်း-၀၉-၅၁-၄၈၈၄၇၊ ဒေါ်နန်းအိအိဇာ **(Cynthia Kyaw Sein)** ဖုန်း-၃၈၃၀၂၅၊ ဒေါ်ခင်မြင့်ကြည် **(Mary Ba Hmi)** ဖုန်း-၅၁၄၆၄၇၊ ဒေါ်စုစု **(Charmaine Nicholas)** ဖုန်း-၂၄၅၃၀၂၊ ဒေါ်ယဉ်မြသွယ် **(Froza Hameed)** ဖုန်း-၅၄၉၂၄၃တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သီရိလင်္ကာနိုင်ငံ ဆီဂီရီယာမြို့တွင် ကျင်းပသော မိုးပျံပူဖောင်းပြိုင်ပွဲအတွက် ပြင်ဆင်နေကြသည်ကို ဧပြီ ၃ရက်က ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ကျော်ဂျီယာ နေတိုးအဖွဲ့ဝင်ဖြစ်လာရေး ရုရှားသမ္မတပူတင် အပြင်းအထန်ဆန့်ကျင်

ဘူခါရက် ဧပြီ ၃

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ထိပ်သီးအစည်းအဝေးကို ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့၌ နေတိုးအဖွဲ့ဝင် နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများအား ဧပြီ ၂ ရက်က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ စတင်ဖွင့်လှစ်လိုက်သည်။

ဆွေးနွေး

ဧပြီ ၂ ရက်မှ ၄ရက်အထိ သုံးရက်ကြာ ထိပ်သီးအစည်းအဝေးသို့ နေတိုးအဖွဲ့ဝင် ၂၆ နိုင်ငံနှင့် မိတ်ဆွေနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ တက်ရောက်ပြီး နေတိုးအဖွဲ့တိုးချဲ့ရေး၊ အာဖဂန်နစ္စတန်နှင့် ကိုဆိုဗိုစစ်ဆင်ရေးကိစ္စများကို ဆွေးနွေးကြမည်ဖြစ်သည်။

စစ်အေးတိုက်ပွဲကာလက ဆိုဗီယက်ပြည်ထောင်စုနှင့် နေတိုးအဖွဲ့သည် ရန်သူများဖြစ်ခဲ့သော်လည်း ဤထိပ်သီးအစည်းအဝေးသို့ ရုရှားသမ္မတ ပူတင်တက်ရောက်သည်။

ဆန့်ကျင်

ဂျော်ဂျီယာနှင့် ယူကရိန်းအဖွဲ့ဝင်ဖြစ်ရေးကို ရုရှားသမ္မတပူတင်က အပြင်းအထန် ဆန့်ကျင်သည်။ **(အင်တာနက်)**

စားနပ်ရိက္ခာတန်ချိန်ကိုးသောင်း ဘင်္ဂလားဒေ့ရှ်သို့ ကူညီမည်

ဒါကာ ဧပြီ ၃

ကုလသမဂ္ဂ နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီက ယခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၈သန်းဖိုးရှိ စားနပ်ရိက္ခာ တန်ချိန် ၉၀၀၀၀ ထောက်ပံ့ကူညီပေးမည် ဖြစ်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။

ယင်းထောက်ပံ့ပေးမည့် စားနပ် ရိက္ခာများအနက် သုံးပုံတစ်ပုံကို ဆီဒါမုန်တိုင်း ဒဏ်ခံရသော ဘာဂုနတောင်ပိုင်းရှိ ပြည်သူများအားလည်းကောင်း၊ ဤစားနပ်ရိက္ခာများကို နိုင်ငံတစ်ဝန်းရှိဆင်းရဲသားများ အား လည်းကောင်း ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၁၅ရက်က ဘင်္ဂလားဒေ့ရှ် အနောက်တောင်ပိုင်း၌ ဆီဒါမုန်တိုင်း တိုက်ခိုက်ခဲ့မှုကြောင့် လူပေါင်း ၁၀၀၀ကျော်သေဆုံးပြီး သန်းပေါင်းများစွာသော ပြည်သူများ အိုးမဲ့ အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ၌ စက်သုံးဆီအရောင်းဆိုင်များ ဇီဝအီသနောလ် လောင်စာအစားထိုးရောင်းချ

နန်နင်း ဧပြီ ၃

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် ဇီဝအီသနောလ်လောင်စာဆီကို အစားထိုးလဲလှယ်ရောင်းချပေးသည့် တရုတ်နိုင်ငံ၏ ၁၀ခုမြောက် စက်သုံးဆီ လဲလှယ်ရေး ရောင်းချပေးသည့်ဒေသ ဖြစ်လာသည်။

ရောင်းချ

အဆိုပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့ကြီး ၁၄မြို့ရှိ စက်သုံးဆီဆိုင်များအားလုံးတွင် ဧပြီ ၁ရက်မှစပြီး ဇီဝလောင်စာဆီများ စတင်ရောင်းချ ပေးလျက်ရှိသည်။

ယင်းဒေသရှိ မော်တော်ကား ၃၅၀၀၀၀နှင့် ဆိုင်ကယ်သုံးသန်းကျော်တို့ကို ဇီဝလောင်စာဆီများ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ ပို့ဆောင်ရေးတာဝန်ခံ ဖူကျိုယန်က ပြောကြားသည်။

လောလောဆယ် တရုတ်နိုင်ငံ ပြည်နယ်ကိုးခု၌ ဇီဝလောင်စာဆီများ အသုံးပြုနေလျက်ရှိသည်။ ယင်းပြည်နယ်များမှာ ကျင်လင်း၊ လျောင်နင်း၊ ဟေလုံကျန်းစသည့်ပြည်နယ်များဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘဝအမောပြေ

ဩော်.... မိုးလေဝသ

သဲကန္တာရအတွင်း ရုပ်ရှင်ရိုက်ကူးရန် ရောက်ရှိနေကြသော ဒါရိုက်တာနှင့်အဖွဲ့အား ဒေသခံတစ်ဦးက လာရောက်ပြီး နေ့စဉ် မိုးလေဝသနှင့်ပတ်သက်သည့် အကြံဉာဏ်များ ပေးလေသည်။

ဒါရိုက်တာ ။ ။ ဆရာကြီး ...ဒီနေ့ရာသီဥတုအခြေအနေ ကောင်းရဲ့လား။
ဒေသခံ ။ ။ မိုးရွာလိမ့်မယ်။
ထိုနေ့မိုးရွာလေသည်။ နောက်တစ်နေ့...
ဒါရိုက်တာ ။ ။ ဆရာကြီး ... ဒီနေ့ ဓာတ်ဝင်ခန်းရိုက်မလို့ ရာသီဥတုအခြေအနေလေးပြောပါဦး။
ဒေသခံ ။ ။ သဲမုန်တိုင်း တိုက်လိမ့်မယ်။
ထိုနေ့ သဲမုန်တိုင်းတိုက်လေသည်။ ဒါရိုက်တာနှင့်အဖွဲ့လည်း ဒေသခံအား ယုံကြည်လေးစားလျက်ရှိကြသည်။
နောက်တစ်နေ့...
ဒါရိုက်တာ ။ ။ ဆရာကြီးမနက်ဖြန် အရေးကြီးတဲ့ ဓာတ်ဝင်ခန်း ရိုက်ချင်တယ် ရာသီဥတုအခြေအနေလေး အမိန့်ရှိပါဦး...
ဒေသခံ ။ ။ ငါမပြောတတ်တော့ဘူး။
ဒါရိုက်တာ ။ ။ ဘယ်လိုဖြစ်လို့လဲ ဆရာကြီးရယ်...
ဒေသခံ ။ ။ ရေဒီယို ပျက်သွားလို့ပါ။
ဒါရိုက်တာ ။ ။ "ဗျာ"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

အမေရိကန်သမ္မတဘုရှ် ယူကရိန်းခရီးစဉ် ကီယက်ဗ်မြို့တော်၌ ကန့်ကွက်ဆန္ဒပြမှုနှင့် ကြုံတွေ့ရ

ကီယက်ဗ် ဧပြီ ၃

အမေရိကန်သမ္မတဘုရှ် စီးနင်းလိုက်ပါလာသည့် လေယာဉ်သည် ယူကရိန်းနိုင်ငံ ကီယက်ဗ်လေဆိပ်သို့ မဆိုက်ရောက်မီနာရီပိုင်းအလိုတွင် ကီယက်ဗ်မြို့ အမေရိကန်သံရုံး အပြင်ဘက်၌ ဆန္ဒပြသူများက သမ္မတဘုရှ်၏ ပုံတူစက္ကူရုပ်ကို မီးရှို့ကန့်ကွက်ကြသည်။

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)နှင့် ပိုမိုရင်းနှီးစွာ ပေါင်းစည်းရန် ယူကရိန်းအစိုးရ၏ အစီအစဉ်ကို ကန့်ကွက်သည့်အနေဖြင့် ထောင်ပေါင်းများစွာသော ယူကရိန်းနိုင်ငံသား ဆန္ဒပြသူများသည် မြို့တော်ပန်းခြံ၌ လူထုစည်းဝေးပွဲ ကျင်းပကာ ကြွေးကြော်ဆန္ဒပြခဲ့ကြသည်။

နေတိုးအလိုမရှိဟု ဆန္ဒပြသူတစ်ဦးက ဟစ်ကြွေးသည်။ မိမိတို့နိုင်ငံကို မည်သည့်နိုင်ငံအဖွဲ့အစည်းကမျှ ဩဇာပေးခြင်းကို လက်မခံနိုင်ကြောင်း အခြားတစ်ဦးက ပြောကြားသည်။

မိမိတို့သားစဉ်မြေးဆက်များကို အမှီခိုကင်းသည့် ယူကရိန်းနိုင်ငံအတွင်း၌ အေးအေးချမ်းချမ်း နေစေလိုသည်ဟု ဆန္ဒပြသူတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွား၊ ၁၃ဦး သေဆုံး

အစ္စလမ္မာဘတ် ဧပြီ ၃

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းတွင် ဧပြီ၃ရက် နံနက် ၉နာရီခန့်က ဗုံးနှစ်လုံးပေါက်ကွဲမှု**(အောက်ပုံ)**ဖြစ်ပွားခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုများအနက် တစ်လုံးမှာ ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဒီရာအယ်လာယာမြို့၌ဖြစ်ပြီး မော်တော်ဆိုင်ကယ်တစ်စီးတွင် ချည်နှောင်ထားသောဗုံးပေါက်ကွဲခြင်းဖြစ်ရာ သုံးဦးဒဏ်ရာ ရရှိခဲ့သည်။

နောက်ဗုံးတစ်လုံးမှာ ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း၌ သွယ်တန်းထားသော ဓာတ်ငွေ့ပိုက်လိုင်းအား ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ပြီး ဓာတ်ငွေ့ပိုက်လိုင်း ပျက်စီးသွားသည်။

ထို့အတူ ပါကစ္စတန်နိုင်ငံ ဖီဆာလာဘတ်မြို့ရှိ ဓာတ်ငွေ့အရောင်းဆိုင် တစ်ဆိုင်တွင် ဧပြီ၃ရက်နံနက်ပိုင်းက ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး ၁၃ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း

နိုင်ငံတကာမှုခင်းဖြစ်ရပ်

ရွှေလက်တွဲကာ ချစ်ပွဲဝင်ခဲ့ကြပါသော်လည်း....

ဟီလ်တန်ဟက်ဒ်ကျွန်းသည် အမေရိကန်နိုင်ငံ တောင်ကယ်ရိုလိုင်းနားရှိ သာယာလှပသော အပန်းဖြေကျွန်းဖြစ်သည်။ ထိုကျွန်းတွင် စီးပွားရေးလုပ်ငန်းရှင် ဇနီးမောင်နှံဖြစ်သည့် အသက် ၄၇နှစ်အရွယ်ရှိ ဂျွန်ကယ်လ်ဗာ့ထ်နှင့် အသက် ၄၅နှစ် အရွယ်ရှိ အယ်လီဇဘက် ကယ်လ်ဗာ့ထ်**(ယာပုံ)**တို့ နှစ်ဦးသည် အပန်းဖြေ ခရီးသည်များအား ရွက်လှေ ၁၂၅စင်းကို အခကြေးငွေဖြင့် ငှားရမ်းသည့် လုပ်ငန်းကြီးတစ်ခု ပိုင်ဆိုင်ထားလေသည်။

ထူထောင်ခဲ့ကြ

လွန်ခဲ့သော၂၇နှစ်က ဂျွန်ကယ်လ်ဗာ့ထ်နှင့် အယ်လီဇဘက်တို့ တွေ့ဆုံချစ်ကြိုက်ခဲ့ကြကာ တူနှစ်ကိုယ် တိုင်းပြည်ကို ထူထောင်ခဲ့ကြသည်။

ဂျွန်နှင့် အယ်လီဇဘက် တို့သည် ရှေ့သွားနောက်လိုက်ညီပြီး လိုက်ဖက်ညီလှသောဇနီး မောင်နှံဖြစ်သည်။ သူတို့နှစ်ဦးလက်ထပ်စဉ်က မပြီးဆုံးသေးသော ပညာရေးကို မျက်ခြည်ပြတ် မခံဘဲ ဆုံးခန်းတိုင်အောင် သင်ယူခဲ့ကြလေသည်။ ဘွဲ့ကိုယ်စီရကြပြီးသောအခါ ဂျွန်က ဟီလ်တန်ဟက်ဒ် ကျွန်းအပန်းဖြေစခန်းတွင် ရွက်လှေများအား အပန်းဖြေ ခရီးသည်များကို ငှားရမ်းသည့်လုပ်ငန်းနှင့် အခြားစီးပွားရေး လုပ်ငန်းများစွာကို လုပ်ကိုင်လျက် စီးပွားရေးကို တစိုက်မတ်မတ် လုပ်ကိုင်ခဲ့သည်။ ဂျွန်သည်လူရိုး လူအေးဖြစ်ပြီး ဖြောင့်မတ်တည်ကြည်ကာ ကြိုးစားသူဖြစ်သဖြင့် သူ၏စီးပွားရေးလုပ်ငန်းမှာ တစ်နေ့တခြား ဒီရေအလား တိုးပွားလာခဲ့သည်။ ဂျွန်၏ဇနီးသည်ဖြစ်သူ အယ်လီဇဘက်ကမူ သူ၏ ဇာတိမြို့ဖြစ်သည့် ဆာဗန်နက်ချ်မြို့တွင် ရှေ့နေအဖြစ် လုပ်ကိုင်ခဲ့လေသည်။

မျက်နှာလွှဲ

သူတို့ဇနီးမောင်နှံနှစ်ဦးသည် အင်ဒီယာနာပိုလစ်မြို့ရှိ အာသာအန်ဒါဆင် ကုမ္ပဏီနှင့် ဒင်ဗာကုမ္ပဏီတို့တွင် စာရင်းကိုင်လုပ်ငန်းကို နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သည့် အတွေ့အကြုံရင့်ကျက်သူ ဒင်းနစ်ရေးဂါဝင်**(အောက်ပုံသေး)**ကို ၁၉၈၄ခုနှစ်တွင် ဘဏ္ဍာရေးစာရင်းကိုင်အဖြစ် ခန့်ထားခဲ့သည်။ ဒင်းနစ်သည် ဂျွန်နှင့် အယ်လီဇဘက်တို့၏ လုပ်ငန်းစာရင်းကို အသေးစိတ် စာရင်းပြုစုမှတ်တမ်းတင်ပေးနိုင်သူ

ဖြစ်သဖြင့် ဇနီးမောင်နှံ နှစ်ဦးက ယုံကြည်စိတ်ချ မျက်နှာလွှဲရသူ ဖြစ်သည်။

၂၀၀၇ခုနှစ် ဒီဇင်ဘာလတွင်မူ ဂျွန်နှင့် အယ်လီဇဘက်တို့သည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို အဝေးမှ တိုက်ရိုက် စီမံခန့်ခွဲရန် ဆုံးဖြတ်ခဲ့ကြသည်။ သူတို့နှစ်ဦးမှာ ဆုံးဖြတ်သည့်အတိုင်း စီမံခန့်ခွဲခဲ့ကြသည်။ ထိုသို့ ပြောင်းလဲလုပ်ဆောင်နေစဉ်မှာပင် ၂၀၀၈ ခုနှစ် မတ် ၃ ရက်က ဂျွန်နှင့် အယ်လီဇဘက်တို့ ရုတ်တရက် ပျောက်ခြင်းမလှ ပျောက်သွားခဲ့ကြသည်။ ၎င်းတို့ဇနီးမောင်နှံ ပျောက်ဆုံးမှုနှင့်ပတ်သက်ပြီး ၎င်းတို့နှင့် အနီးစပ်ဆုံး ဒင်းနစ်ရေးဂါဝင်၏ အိမ်တွင် သဲလွန်စတွေ့လိုတွေ့ငြား ရဲတပ်ဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ကြသော်လည်း သဲလွန်စတစ်စွန်းတစ်စမျှ မတွေ့ခဲ့ရပေ။ ဒင်းနစ်သည် ရဲတပ်ဖွဲ့က ပျောက်ဆုံးသွားသောဇနီးမောင်နှံ ရှာဖွေမှုတွင် တစ်စုံတစ်ရာကူညီရှာဖွေခြင်းမပြုဘဲ ကုမ္ပဏီမှတိုက်ခန်းတစ်ခန်းတွင် သွားရောက်နေထိုင်ခဲ့သည်။

မပြောကြား

ရဲများက ဂျွန်နှင့်အယ်လီဇဘက်တို့ကို ရက်များစွာ ရှာဖွေမှုပြုလုပ်ပြီးချိန်တွင် ယင်းဇနီးမောင်နှံတို့၏ စာရင်းကိုင်ဘဏ္ဍာရေးမှူး ဒင်းနစ်ရေးဂါဝင်မှာ သူ၏အိမ်ကို သော့ခတ်လျက် အိမ်ရှိရေစင်ပေါ်သို့တက်ရောက်ပြီး လည်ပင်းနှင့်လက်တို့ကို သားလှီးဓားဖြင့်လှီးကာ သွေးထွက်လွန်စေပြီး သေကြောင်းကြံစည်ခဲ့သည်။ သေကြောင်းကြံရခြင်း၏အကြောင်း စာနှစ်စောင်ကို အိပ်ရာခင်းနှင့်စာရွက်တို့ပေါ်တွင် ရေးခဲ့သည်။ ယင်းစာတွင် ဒင်းနစ်ရေးဂါဝင်သည် ဂျွန်နှင့်အယ်လီဇဘက်တို့ထံမှ ငွေများကို ရယူခဲ့ကြောင်း ဝန်ခံထားသည်ဟု သတင်းတွင်ဖော်ပြသော်လည်း ရဲတပ်ဖွဲ့က အပြည့်အစုံမပြောကြားခဲ့ပေ။

သစ္စာဖောက်ခဲ့

ယခုဖြစ်ရပ်တွင် ငွေကြေးချမ်းသာကြွယ်ဝပြည့်စုံသော ဂျွန်ကယ်လ်ဗာ့ထ်နှင့် အယ်လီဇဘက်ကယ်လ်ဗာ့ထ်တို့ ဇနီးမောင်နှံသည် ရာသက်တိုင်ရွှေလက်တွဲကာ ချစ်ပွဲဝင်လိုသော်လည်း မဝင်ခဲ့ရသည့်အဖြစ်နှင့် အလုပ်ရှင်အပေါ်တွင် သစ္စာဖောက်ခဲ့သူ ဒင်းနစ်ရေးဂါဝင်၏ မလှပသော ဇာတ်သိမ်းကို သင်ခန်းစာယူဖွယ်ရာ တင်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် -ကိုးကားရေးဖွဲ့သည်

ပနားမားအကြောင်းစေ့ငုရပါသော်....

သတင်းအက်ဆေး

ပနားမားနိုင်ငံသည် အမေရိကတိုက် အလယ်ပိုင်းဒေသ၌ တည်ရှိသည်။ ပနားမားနိုင်ငံသည် မြောက်အမေရိကတိုက်နှင့် တောင်အမေရိကတိုက်တို့၏ လမ်းဆုံ၊ အတ္တလန္တိတ် သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ဆက်သွယ်ပေးသည့် လမ်းဆုံ၌ရှိသည်။ ယင်းကြောင့်ပင် မဟာဗျူဟာအရ လွန်စွာအရေးပါနေခြင်း ဖြစ်သည်။

ပနားမားနိုင်ငံမှာ အမေရိကန် ပါဝင်ပတ်သက်ရာ ပစ်မှတ်တစ်ခု ဖြစ်လာသည်။ အမေရိကန်၏မဟာမိတ်ဟောင်း မင်ချူယယ်အော်ရီဂါအား ဖြုတ်ချရန် အမေရိကန်တပ်များ ပနားမားနိုင်ငံကို ၁၉၈၉ခုနှစ်တွင် ကျူးကျော်ဝင်ရောက်သည်။ ထို့ပြင် ၁၉၉၉ခုနှစ်အထိ အမေရိကန်က ပနားမားတူးမြောင်းကို ထိန်းချုပ်ခဲ့သည်။

ဖောက်လုပ်ပြီးစီး

စပိန်နယ်သစ်ရှာဖွေသူ ရိုဒရီဂိုဒီဘတ်စတီဒတ်က ပနားမားသို့ ၁၅၀၂ခုနှစ်တွင် ရောက်လာသည်။ ၁၅၁၉ ခုနှစ်တွင် ပနားမားသည် စပိန်လက်အောက်ခံ ဖြစ်လာသည်။ ၁၈၂၁ခုနှစ်တွင် စပိန်အုပ်ချုပ်မှုအောက်မှ လွတ်မြောက်သည်။ သို့သော် ကိုလံဘီယာ၊ အီကွေဒေါ်၊ ပီရူးနှင့် ဘိုလီးဗီးယားတို့လည်း ပါဝင်သည်။ ဂရန်ကိုလံဘီယာနိုင်ငံများ သမဂ္ဂဝင် ဖြစ်လာသည်။ ၁၈၃၀ပြည့်နှစ် ဂရန်ကိုလံဘီယာနိုင်ငံများသမဂ္ဂ ပျက်သွားသော အခါ ပနားမားနိုင်ငံသည် ကိုလံဘီယာနိုင်ငံ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။ ၁၉၀၃ ခုနှစ်တွင် ကိုလံဘီယာနိုင်ငံမှခွဲထွက်ကာ လွတ်လပ်သောနိုင်ငံဖြစ်လာသည်။ ပနားမားတူးမြောင်း ဖောက်လုပ်ခွင့်ကို အမေရိကန်က ဝယ်ယူလိုက်သည်။ ၁၉၁၄ ခုနှစ်တွင် ပနားမားတူးမြောင်း ဖောက်လုပ်ပြီးစီးသည်။

၁၉၆၈ ခုနှစ်တွင် အမျိုးသားအစောင့်တပ်မှူး ဗိုလ်ချုပ်ကြီး တော်ရီဂိုဂျူ့စ်ဟာရေရာက ရွေးကောက်တင်မြှောက်ထားသည့် သမ္မတကို ဖြုတ်ချပြီး ၁၉၈၁ခုနှစ်အထိ အာဏာရှင် အဖြစ်အုပ်ချုပ်သည်။ ၁၉၈၁ ခုနှစ်တွင် လေယာဉ်ပျက်ကျကာ ကွယ်လွန်သည်။ သူ့လက်ထက် ၁၉၇၇ခုနှစ်တွင် ပနားမားတူးမြောင်းအုပ်ချုပ်ရေးကို ၁၉၉၉ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှစ၍ အမေရိကန်က ပနားမားသို့လွှဲအပ်ရန် သဘောတူလိုက်သည်။

၁၉၈၃ခုနှစ်တွင် ပနားမားတော်လှန်ရေး အကြီးအကဲဟောင်းနှင့် အမေရိကန် စီအိုင်အေ သတင်းပေး မင်ညူယယ်နော်ရီဂါက တပ်ဖွဲ့အင်အားတိုးချဲ့ပြီး နိုင်ငံအတွင်း နိုင်ငံရေးနှင့် စီးပွားရေးဘဝကို ချုပ်ကိုင်လိုက်သည်။

ကြေညာ

၁၉၈၈ ခုနှစ်တွင် နော်ရီဂါသည် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်နေသူ ဖြစ်ကြောင်း အမေရိကန်ကစွပ်စွဲသည်။ မအောင်မြင်သော အာဏာသိမ်းမှုနောက်ပိုင်း ပနားမားနိုင်ငံတွင် နော်ရီဂါက အရေးပေါ်ကြေညာသည်။

၁၉၈၉ ခုနှစ်တွင် အတိုက်အခံတို့က ပါလီမန်ရွေးကောက်ပွဲ အနိုင်ရသည်။ သို့သော် ရွေးကောက်ပွဲရလဒ် တရားမဝင်ကြောင်း နော်ရီဂါက ကြေညာသည်။ ပနားမားနိုင်ငံသို့ အမေရိကန်တပ်များ ဝင်ရောက်လာပြီး နော်ရီဂါအား ဖယ်ရှားဖမ်းဆီးကာ ဂီလာမိုဒါရာအား အစားထိုးခန့်ထားသည်။

ဆုံးဖြတ်

၁၉၉၂ ခုနှစ်တွင် အမေရိကန်တရားရုံးက မူးယစ်ဆေးဝါးမှုဖြင့် နော်ရီဂါအား ထောင်ဒဏ်အနှစ် ၄၀ချမှတ်ပြီး အမေရိကန်၌ ထောင်ဒဏ်ကျခံရန် အမိန့်ချမှတ်သည်။ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၉ ရက်တွင် ဖလော်ရီဒါ အကျဉ်းစခန်း၌ လွတ်လာသော နော်ရီဂါအား သူ့အယူခံလွှာကို အထက်ရုံးကပယ်မချမချင်း ပြင်သစ်နိုင်ငံသို့ နော်ရီဂါအား လွှဲအပ်ပေးခြင်းမပြုနိုင်ကြောင်း အမေရိကန်တရားသူကြီးတစ်ဦးက ဆုံးဖြတ်သည်။

၂၀၀၄ ခုနှစ် မေလ သမ္မတရွေးကောက်ပွဲတွင် အာဏာရှင်ဟောင်း အိုမာ တော်ရီဂျို့စ်၏သား မာတင်တော်ရီဂျို့စ် အနိုင်ရခဲ့သည်။ မာတင်တော်ရီဂျို့စ်က သူ့လက်ထက်တွင် အဂတိလိုက်စားမှုပပျောက်အောင် ကြိုးပမ်းပြီး သူ့ဖခင်လက်ထက်က လူ့အခွင့်အရေးချိုးဖောက်မှုများ စုံစမ်းဖော်ထုတ်သည်။ ပနားမားတူးမြောင်း ခေတ်မီအောင် ပြုပြင်မည်ဟု အာမခံသည်။ ၂၀၀၇ခုနှစ် စက်တင်ဘာလတွင် ပနားမားတူးမြောင်း ချဲ့ထွင်ရေး စတင်လုပ်ဆောင်ခဲ့သည်။

ပနားမားနိုင်ငံတွင် အမေဇုန်မြစ်ဝှမ်းအပြင်ဘက်ရှိ မိုးသစ်တောများအနက် အနောက်ဘက် ကမ္ဘာခြမ်း၌ အထူထပ်ဆုံး၊ အကြီးမားဆုံး သစ်တောတည်ရှိသည်။ ဤသစ်တော အတွင်း အပူပိုင်းဒေသပေါက် အပင်အမျိုးအစားအလျှံပယ်ရှိရုံမျှမက တောရိုင်းတိရစ္ဆာန်များ၊ ငှက်များမျိုးစုံလှသည်။ အချို့မှာ ကမ္ဘာပေါ်တွင် မည်သည့်နေရာမှာမျှ ရှာမတွေ့ဟု ဆိုသည်။

ပံ့ပိုးပေး

မူးယစ်ဆေးဝါး ပြဿနာကိုကိုင်တွယ်ပြီး ဆင်းရဲချမ်းသာကွာဟမှု ပပျောက်ရန် ကြိုးပမ်းရဦးမည်ဖြစ်သည်။ ပြည်သူ ၄၀ရာခိုင်နှုန်း ဆင်းရဲတွင်းနက်နေစဉ် ဥရောပနွယ်ဖွား လက်တစ်ဆုပ်စာတို့က ပနားမားနိုင်ငံ၏ နေ့ဉစ္စာနှင့်အာဏာကို ချုပ်ကိုင်ထားခြင်းကြောင့် ဆင်းရဲချမ်းသာ အကြီးအကျယ်ကွာဟနေခြင်းဖြစ်သည်။ ဤစိန်ခေါ်မှုများကို ကျော်လွှားပြီးလျှင် အပင်နှင့် တိရစ္ဆာန် မျိုးစိတ်ပေါင်းများစွာ မှီခိုနေသည့် မိုးသစ်တောနှင့် ခေတ်မီလာမည့် ပနားမားတူးမြောင်းတို့က ပနားမားနိုင်ငံတိုးတက်ရေးကို များစွာပံ့ပိုး ပေးမည်ဖြစ်သည်။ မပြုပြင်ရသေးသော ပနားမားတူးမြောင်းက ၂၀၀၄ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဒေါ်လာ ၁ဘီလီယံအထိ စံချိန်တင်ကာ ဝင်ငွေရှာကြံပေးခဲ့သည် မဟုတ်ပါလား။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၃-၄-၂၀၀၈

ကမ္ဘောဒီးယားနှင့်ကာတာ သံတမန်ဆက်ဆံရေးထူထောင်

ကမ္ဘောဒီးယားနှင့်ကာတာနှစ်နိုင်ငံတို့ သံတမန်ဆက်ဆံရေး ထူထောင်ရန် သဘောတူလက်မှတ်ရေးထိုးလိုက်ကြကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

သဘောတူလက်မှတ်ရေးထိုးမှုအရ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ဧပြီ ၁ ရက်မှ စတင်ခဲ့ပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ပါလက်စတိုင်းသမ္မတ အီဂျစ်သို့ ရောက်ရှိ

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် နှစ်ရက်ကြာ အလည်အပတ်ခရီး အဖြစ် အီဂျစ်နိုင်ငံကိုင်ရိုမြို့သို့ ရောက်ရှိလာကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

သမ္မတ မာမွတ်အဘတ်စ်သည် အီဂျစ်သမ္မတ ဟို့စနီမူဘာရက်နှင့် တွေ့ဆုံကာ ပါလက်စတိုင်း-အစ္စရေးကိစ္စရပ်များနှင့် ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်နေမှုများကို ဆွေးနွေးကြကြောင်း အီဂျစ်အရာရှိများက ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ရေနံဈေး အနည်းငယ်ကျဆင်းလာ

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများ အနည်းငယ်ကျဆင်းလျက်ရှိကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်) မှ အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၁ ဒေါ်လာသို့ ကျဆင်းလာကြောင်း၊ အမေရိကန်ဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ဒသမ ၉၈ ဒေါ်လာ အထိ ကျဆင်းလာကြောင်း အိုပက်က ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

တောင်ကိုရီးယား၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

တောင်ကိုရီးယားနိုင်ငံ ဂျိုလာဘူဒိုပြည်နယ် အနောက်တောင်ပိုင်း၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုများ စစ်ဆေးတွေ့ရှိရကြောင်း တောင်ကိုရီးယား ကျန်းမာရေး အရာရှိများက ပြောကြားသည်။

အဆိုပါရောဂါသည် ဆိုးလ်မြို့အနောက်တောင်ဘက် ကီလိုမီတာ ၂၆၀အကွာရှိ ဂျင်ဂျီမြို့ ကြက်မွေးမြူရေးခြံတစ်ခြံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိုကြက်ခြံရှိ ကြက်ကောင်ရေ ၁၅၀၀၀၀ ခန့်ကို သုတ်သင်ရှင်းလင်းနေကြောင်း ကျန်းမာရေးအရာရှိများက ဆိုသည်။

ကူဝိတ်မှ တူရကီသို့ တိုက်ရိုက်လေကြောင်းပျံသန်း

ကူဝိတ်နိုင်ငံမှ ဂျာဇီးယားလေကြောင်းလိုင်းက တူရကီနိုင်ငံသို့ တိုက်ရိုက်လေကြောင်း ခရီးစဉ်စတင်ပြေးဆွဲကြောင်း ကူဝိတ်လေကြောင်း အရာရှိများက ပြောကြားသည်။

ထိုသို့လေကြောင်းခရီးစဉ် ပျံသန်းရာတွင် ကူဝိတ်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တူရကီနိုင်ငံ အစ္စတန်ဘူလ်လေဆိပ်သို့ တိုက်ရိုက်ပျံသန်းခြင်းဖြစ်ပြီး လေယာဉ်ခမှာ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁ ဒေါ်လာသာ သတ်မှတ်ထားကြောင်း ၎င်းတို့ကပြောကြားသည်။

ကမ္ဘာ့ရွှေဈေး ကျဆင်းနေဆဲ

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိကြောင်း တရုတ် ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ်ရွှေဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၈၈၉ဒသမ၂၅ ဒေါ်လာအထိ ကျဆင်းလာကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဖိလစ်ပိုင်ခရီးစဉ် ထိုင်းဝန်ကြီးချုပ် ရွှေ့ဆိုင်း

ထိုင်းဝန်ကြီးချုပ် စမတ်(ခ်)စွန်ထော်ရဝဲ၏ ဖိလစ်ပိုင်နိုင်ငံသို့ အလည်အပတ် ခရီးသွားရောက်ရေး အစီအစဉ်အား ရွှေ့ဆိုင်းလိုက်ကြောင်း ထိုင်းအစိုးရအရာရှိများက ပြောကြားသည်။

ယင်းသို့ ခရီးစဉ်ရွှေ့ဆိုင်းလိုက်ရခြင်းမှာ ထိုင်းဝန်ကြီးချုပ် ကျန်းမာရေး အခြေအနေကြောင့် ဖြစ်ကြောင်းသိရသည်။

ဓာတုပစ္စည်းများ ပျံ့နှံ့မှု မဖြစ်ပွားရေး မလေးရှားနှင့်စင်ကာပူ စာချုပ်ချုပ်ဆို

မတော်တဆ ဖြစ်ရပ်များမှ ဓာတုပစ္စည်းများ ပျံ့နှံ့မှုဖြစ်ပွားပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မဖြစ်ပွားရန် ထိန်းသိမ်းရေးဆိုင်ရာ စာချုပ်ကို မလေးရှားနှင့် စင်ကာပူနှစ်နိုင်ငံ အရာရှိများက လက်မှတ်ရေးထိုးလိုက်ကြသည်။

စာချုပ်အရ ပင်လယ်ပြင်တွင် ရေနံယိုဖိတ်မှုများ အပါအဝင် အခြားမတော်တဆ ဖြစ်ရပ်များအတွက် နှစ်နိုင်ငံ ပူးတွဲလေ့ကျင့်မှုများလည်း ပြုလုပ်ကြမည်ဖြစ်သည်။

တရုတ်၌ ယူအေအီးက ရင်းနှီးမြှုပ်နှံမည်

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)မှ စီးပွားရေးလုပ်ငန်းရှင်များက တရုတ် နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ရင်းနှီးမြှုပ်နှံရာ၌ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် သတင်းပြန်ကြားရေး စသည့်နယ်ပယ်များတွင်ဖြစ်ကြောင်း ပြောကြားသည်။

သူတို့အတွေးနှင့် အမြင်

* *To bear is to conquer our fate.*

သည်းခံနိုင်စွမ်းရှိခြင်းသည် အောင်နိုင်ခြင်းပင်ဖြစ်သည်။

ဝီလျံဝေါ့ဒ်ဝေါ့သ်(ကဗျာဆရာ)

* *To forget a wrong is the best revenge.*

ခွင့်လွှတ်နိုင်ခြင်းသည် အကောင်းဆုံးလက်စားချေခြင်း ဖြစ်သည်။

ဂျိုးဇက်ပရစ်စလေ

(အတွေးအခေါ်ပညာရှင်)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- **ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘာရီဆယ်ခရိုင်တွင် ဧပြီ ၃ရက်က ကုန်တင်ကားတစ်စီး အရှိန်လွန်ပြီး လမ်းဘေးနေအိမ်တစ်အိမ်အတွင်း ထိုးကျသွားခဲ့ရာ မိသားစုဝင်ငါးဦး သေဆုံးပြီး ၁၄လအရွယ် ကလေးငယ်တစ်ဦးသာ အသက်ရှင်ခဲ့ကြောင်း သိရသည်။**

- ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့လယ်ရှိ လူနေအဆောက်အအုံတစ်ခု ဧပြီ ၃ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ သုံးဦးဒဏ်ရာရရှိခဲ့ပြီး အဆောက်အအုံလည်း ပျက်စီးခဲ့သည်။ **(အောက်ပုံ)**

- **ဘရားဇီးနိုင်ငံ အမေဇုံးနက်စ်ပြည်နယ် အမေဇုံးနီးရားအရပ်၌ ဧပြီ ၃ရက်တွင် မိကျောင်းသားရှစ်တန်ခန့်ကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့သည်။**

- ထိုင်းနိုင်ငံ ရာပွန်ပြည်နယ်အရှေ့ပိုင်း မက်တာပွတ်ခရိုင်၌ ဧပြီ ၃ရက်က ကုန်တင် ရထားတစ်စီးနှင့် မော်တော်ကားတစ်စီးတို့တိုက်မိရာ ခြောက်ဦး ပွဲချင်းပြီးသေဆုံး သွားသည်။

- **တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း စင်ကျန်းအူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဧပြီ ၃ရက်က သဲမုန်တိုင်းများတိုက်ခတ်မှုကြောင့် လေယာဉ်ခရီးစဉ်အများအပြား ရွှေ့ဆိုင်းခဲ့ရသည်။**

- အီကွေဒေါ်နိုင်ငံ ကွီတိုမြို့နှင့်လိုဂျာမြို့များတွင် ဧပြီ၃ရက်က မိုးသည်းထန်စွာရွာသွန်း ခဲ့မှုကြောင့် ရေလွှမ်းမှုဖြစ်ပွားကာ နှစ်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိသည်။

- **အင်ဒိုနီးရှားနိုင်ငံ ဆူမာတြားကျွန်းရှိ ဘန်ဂူလူပြည်နယ်ကမ်းလွန်၌ ဧပြီ ၃ရက်က အင်အားရစ်ချ်တာစတား ၆ဒသမ၁ရှိသော ငလျင်လှုပ်ခဲ့ရာ ဘန်ဂူလူပြည်နယ်ရှိ အဆောက်အအုံများ ယိမ်းထိုးသွားခဲ့သည်။**

- အီဂျစ်နိုင်ငံတောင်ပိုင်း ဆိုင်နိုင်းမြို့အနီးတွင် ဧပြီ ၃ ရက်က မော်တော်ယာဉ် မတော်တဆမှုဖြစ်ပွားရာ နိုင်ငံခြားခရီးသွားဧည့်သည်များဖြစ်သည့် ဂျာမန်ကိုးဦး၊ ဘယ်လ်ဂျီယံသုံးဦး၊ ပြင်သစ်တစ်ဦးနှင့် အီဂျစ်နိုင်ငံသားတစ်ဦး အပါအဝင် စုစုပေါင်း ၁၉ ဦးသေဆုံးပြီး ၁၄ဦးဒဏ်ရာရရှိခဲ့သည်။

- **နိုင်ဂျီးရီးယားနိုင်ငံကာနိုပြည်နယ် ဘက်ဝေးရေအိုင်ကြီးအတွင်း ခရီးသည်တင် လှေကြီးတစ်စင်း ဧပြီ ၃ရက်က နစ်မြုပ်ခဲ့ရာ ၃၈ဦးသေဆုံးခဲ့သည်။**

- အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ အနောက်ဘက် မိုင် ၅၀ ခန့်အကွာ မြစ်အတွင်း၌ ဧပြီ ၃ရက်က ခရီးသည်စက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ ငါးဦးသေဆုံးသွားသည်။

ဒီမိုကရက်တစ် သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ရေး ဆုံးခန်းတိုင်ကြိုးပမ်းရန် ဟီလာရီ သန္နိဋ္ဌာန်ချထားဟုဆို

ဝါရှင်တန် မေ ၃

ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဟီလာရီက မိမိကိုယ်ကို ရုပ်ရှင်ဇာတ်ကောင် ရော့ခီးနှင့် နှိုင်းယှဉ်လိုက်ပြီး ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်ရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားလိုက်သည်။

ရော့ခီးဇာတ်ကားအခြေပြုရာ ပင်ဆယ်ဗေးနီးယားပြည်နယ်၌ မဲဆွယ်ပြောကြားရာတွင် ဆုံးခန်းတိုင်သည်အထိ အပြတ်တိုက်ရန်၊ အရေးကြုံလာလျှင် မိမိနှင့်ရော့ခီးတို့က တူညီကြကြောင်း၊ ဘယ်တော့မှ လက်မြှောက်အရှုံးပေးပြီး ထွက်သွားမည်မဟုတ်ကြောင်း ဟီလာရီက ပြောကြားလိုက်သည်။

ထပ်မံကြေညာ

ပင်ဆယ်ဗေးနီးယားပြည်နယ် အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်တွင် ဟီလာရီ**(ဝဲပုံ)**က သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအဖြစ်ပါဝင်ရန် သန္နိဋ္ဌာန်ချထားမှုကို ထပ်မံကြေညာလိုက်ခြင်း ဖြစ်သည်။

အရှုံးပေးမည်မဟုတ်

မိမိသည် မည်သည့်အခါမျှ လက်မမြှောက်၊ အမေရိကန်ပြည်သူများလည်း ထိုသို့ လက်မြှောက်အရှုံးပေးမည် မဟုတ်ကြောင်း ဟီလာရီက ထည့်သွင်းပြောကြားလိုက်သည်။

ထိုအတောအတွင်း ရီပတ်ဘလီကင်ပါတီသမ္မတလောင်းဖြစ်ရန် သေချာသည့် ဂျွန်မက်ကိန်းသည် ဗာဂျီးနီးယားပြည်နယ်သို့ သွားရောက်လည်ပတ်လျက်ရှိသည်။

ဝေဖန်ပြောကြား

မေ ၂၂ရက် အင်္ဂါနေ့၌ ပြုလုပ်မည့် ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲအတွက် ထိုပြည်နယ်၌ မဲဆွယ်စည်းရုံးနေသည့် အိုဘားမားက ဂျွန်မက်ကိန်း၏ စီးပွားရေးရာသဘောထားကို ဝေဖန်လိုက်သည်။ ဂျွန်မက်ကိန်းသည် လူလတ်တန်းစားများကို ဥပေက္ခာပြုပြီး ချမ်းသာကြွယ်ဝသူများကိုသာ အသားပေးနေသည်ဟု အိုဘားမားက ဝေဖန်ပြောကြားလိုက်သည်။ **(အင်တာနက်)**

မျက်ကြည်လွှာလှူဒါန်းလိုကြသူများ အသက် ၇၅နှစ်အထိ လှူဒါန်းနိုင်ဟုဆို

ဝါရှင်တန် မေ ၃

မျက်ကြည်လွှာအလှူရှင်များ နည်းပါးလာမှုကြောင့် အသက်ငယ်ရွယ်သူများထံမှ မျက်ကြည်လွှာများကို တိုးမြှင့်အလှူခံသည့်အပြင် သက်ကြီးပိုင်းများထံမှလည်း မျက်ကြည်လွှာများအလှူခံသင့်ကြောင်း အမေရိကန်မျက်ကြည်လွှာသုတေသနဌာနက မေ ၂ရက်တွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်ထားသည်။

ရေးသားဖော်ပြ

မျက်ကြည်လွှာများ အလှူခံရာတွင် အသက် ၇၅နှစ်အထိ တိုးမြှင့်အလှူခံသင့်ကြောင်း အမေရိကန်မျက်ကြည်လွှာ သုတေသနဌာနက လေ့လာတွေ့ရှိချက်ကို ယခုနှစ် မေလထုတ်မျက်စိဆိုင်ရာ ဂျာနယ်တစ်စောင်တွင် ရေးသားဖော်ပြသည်။

မျက်ကြည်လွှာအလှူရှင်အများစုသည် အသက်ကြီးသူများဖြစ်ကြောင်း၊ သို့သော်လည်း အသက်ကြီးသူများ၏ မျက်ကြည်လွှာကို သုံးလိုသူနည်းကြကြောင်း မျက်ကြည်လွှာသုတေသနဌာနမှ ဒေါက်တာ ဒွိုက်ကာဗာနက်က ပြောကြားသည်။

စာရင်းပေးသွင်း

အဆိုပါမျက်ကြည်လွှာ အလှူရှင် လေ့လာရေး အဖွဲ့သည် အမေရိကန်နိုင်ငံ တစ်ဝန်း နေရာ ၈၀တွင် မျက်ကြည်လွှာ အစားထိုးကုသမှုခံယူရန် စာရင်းပေးသွင်းထားသော လူ ၄၀မှ ၈၀ရှိလူနာပေါင်း ၁၁၀၀ဦးအား လေ့လာခဲ့သည်ဟုဆိုသည်။

အလှူရှင်များလှူဒါန်းထားသည့် မျက်ကြည်လွှာများသည် ငါးနှစ်ကြာသည့်တိုင်အောင် ထားရှိပြီး အစားထိုးအသုံးပြုနိုင်ကြောင်း သိရသည်။ **အမ်အင်န်အေးဆင်ဟွာ**

ကမ္ဘာ့အကြီးဆုံးဓာတ်ငွေ့ရည်တင်သင်္ဘော စူးအက်စ်တူးမြောင်းကို ဖြတ်သန်း

ကိုင်ရို မေ ၃

ကမ္ဘာ့အကြီးဆုံး ဓာတ်ငွေ့ရည်တင်သင်္ဘောကြီး**(အောက်ပုံ)**သည် စူးအက်စ်တူးမြောင်းကိုဖြတ်ပြီး ဥရောပတိုက်သို့ မေ ၁ရက်က ခုတ်မောင်းသွားကြောင်း အီဂျစ်မီနာ သတင်းဌာနက ကြေညာသည်။

ခုတ်မောင်း

တောင်ကိုရီးယားကုမ္ပဏီက တည်ဆောက်ပေးသည့် ကာတာဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီပိုင် ၃၀၅မီတာရှည်သည့် ဓာတ်ငွေ့ရည်တင် သင်္ဘော သည် ဓာတ်ငွေ့ကုဗမီတာ ၂၁၀၀၀၀သယ်ဆောင်လျက် စူးအက်စ်တူးမြောင်းကို ဖြတ်ကာ စပိန်နိုင်ငံသို့ ခုတ်မောင်းသွားမည်ဟု စူးအက်စ်တူးမြောင်းအာဏာပိုင်များက ပြောကြားသည်။

စံချိန်တင်

စူးအက်စ်တူးမြောင်းက ခရီးသွားလုပ်ငန်းနှင့်အတူ အီဂျစ်နိုင်ငံအတွက် နိုင်ငံခြားငွေများကို ရှာဖွေပေးသည်။ စူးအက်စ်တူးမြောင်းအာဏာပိုင်အဖွဲ့၏ စာရင်းအရ တူးမြောင်းမှ နေ့စဉ်ဝင်ငွေမှာ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်က ဒေါ်လာ ၂၁သန်းအထိ စံချိန်တင်ရရှိသည်ကိုတွေ့ရသည်။ **အမ်အင်န်အေးဆင်ဟွာ**

အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်သူပုန်များအား တူရကီတပ်များ ဝင်ရောက်စီးနင်းတိုက်ခိုက်

ဆာနတ်ခ် (အီရတ်) မေ ၃

တူရကီတပ်ဖွဲ့ဝင်များသည် မေ ၂ရက်က အီရတ်နိုင်ငံမြောက်ပိုင်းရှိ ဆာနတ်ခ်ပြည်နယ် အရှေ့တောင်ပိုင်း၌ ကာ့ဒ်သူပုန်များအား ချေမှုန်းတိုက်ခိုက်ခဲ့ရာ ခုနစ်ဦးသေဆုံးသွားကြောင်း တူရကီအစိုးရက ပြောကြားသည်။

တူရကီတပ်ဖွဲ့ဝင်များ **(ယာအောက်ပုံ)**က ကာ့ဒ်သူပုန်ပြောက်ကျားများအား မတ် ၃၁ရက်မှ စတင်တိုက်ခိုက်ခဲ့ရာ ကာ့ဒ်သူပုန် ၁၆ဦး သေဆုံးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက်ပွဲဖြစ်ပွားခဲ့ရာတွင် တူရကီတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း တူရကီစစ်ဘက်က ပြောကြားသည်။

တိုက်ခိုက်

မကြာသေးသည့်လများမှစပြီး တူရကီတပ်များက အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်သူပုန်များကို မြေပြင်နှင့် ဝေဟင်တို့မှ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။

ဖော်ပြ

ကာ့ဒ်သူပုန်များသည် ၁၉၈၄ခုနှစ်မှစပြီး တူရကီနိုင်ငံ အရှေ့တောင်ပိုင်း၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေးအတွက် တိုက်ခိုက်ခဲ့ရာ ကာ့ဒ်သူပုန် ၃၀၀၀၀ သေဆုံးခဲ့ပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

အင်ဒိုလေကြောင်းလိုင်း တိုကျိုသို့ တိုက်ရိုက်ပျံသန်းမည်

ဂျကာတာ မေ ၃

အင်ဒိုနီးရှားနိုင်ငံပိုင် လိုင်းရင်းအဲယားလေကြောင်းလိုင်းအနေဖြင့် ဆူလာဝေစီပြည်နယ်မြို့တော် မန်နာဒိုမြို့မှ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ တိုက်ရိုက်လေကြောင်းခရီးစဉ်သစ် ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဂျကာတာပို့စ်သတင်းစာက မေ ၃ရက်၌ ရေးသားဖော်ပြသည်။

မန်နာဒိုမြို့သည် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်ရာ မြို့တစ်မြို့ဖြစ်ကြောင်း၊ တိုကျိုသို့တိုက်ရိုက်လေကြောင်းပြေးဆွဲမှုကို ဆောလျင်စွာအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း လိုင်းရင်းအဲယားကုမ္ပဏီဥက္ကဋ္ဌကပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘောဒီးယား စီးပွားရေး ဆက်လက် တိုးတက်ရန် အလားအလာရှိ

ဖနောင်ပင် မေ ၃

ကမ္ဘောဒီးယားစီးပွားရေးသည် လျင်မြန်စွာ တိုးတက်လာမှုကြောင့် ဂျီဒီပီသည် ၂၀၀၇ခုနှစ်တွင် ၁၀ရာခိုင်နှုန်းအထိ တိုးလာကြောင်း၊ ၂၀၀၀ပြည့်နှစ်မှ ၂၀၀၆ခုနှစ်တွင် နှစ်စဉ်ပျမ်းမျှ ၉ဒသမ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ကမ္ဘာ့ဘဏ်က မေ ၂ရက်၌ ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

တိုးတက်လာ

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၀၇ခုနှစ်အတွင်း စီးပွားရေးတိုးတက်ခဲ့ရာ အဝတ်အထည်တင်ပို့ရောင်းချရာမှ ၈ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ထိုနှစ်အတွင်း ခရီးသွားလုပ်ငန်းမှ ၂၀ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ကြောင်း၊ ဆောက်လုပ်ရေးကဏ္ဍမှာလည်း နှစ်ဆ တိုးတက်လာကြောင်း ကမ္ဘာ့ဘဏ်ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

မလွယ်ကူ

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ၂၀၀၈ခုနှစ်တွင်လည်း တိုးတက်ရန် အလားအလာများ ရှိနေကြောင်း၊ သို့သော်လည်း တိုးတက်မှုကို ထိန်းထားရန် မလွယ်ကြောင်း၊ ကမ္ဘာ့ဘဏ်မှ စီးပွားရေး ကျွမ်းကျင်ပညာရှင် စတီဖာနီက ပြောကြားသည်။

အမ်အင်န်အေးဆင်ဟွာ

ဗီဇပြုပြင်ထားသော သီးနှံမျိုးစေ့များ ၁၀ နှစ်ကြာသည့်တိုင် စိုက်ပျိုးရှင်သန်နိုင်

စတော့ဟုမ်း မေ ၃

မျိုးဗီဇပြုပြင်ထားသော သီးနှံမျိုးစေ့များသည် အနည်းဆုံး ၁၀နှစ်ကြာပြီးနောက် စိုက်ပျိုးသည့်အခါ ရှင်သန်ပေါက်ရောက်နိုင်ကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိထားသည်။

စမ်းသပ်စိုက်ပျိုး

လွန်ခဲ့သော ၁၀နှစ်က ဆီမုန်ညင်းစေ့များကို ဆွီဒင်စိုက်ပျိုးရေး သုတေသနပညာရှင်များက စမ်းသပ်စိုက်ပျိုးခဲ့ရာ ရှင်သန်ပေါက်ရောက်သည်ကို တွေ့ရသည်ဟု ဆိုသည်။

ပေါက်ရောက်မှုနည်းပါး

ဗီဇပြုပြင်သီးနှံမဟုတ်သော သီးနှံမျိုးစေ့များသည် နှစ်ကြာရှည်စွာထားပါက အပင်ပေါက်ရောက်မှုနည်းပါးသည်ဟု ဆိုသည်။

ဆွီဒင်နိုင်ငံ လွန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် လွန်ခဲ့သော ၁၀ နှစ်က မျိုးဗီဇပြုပြင်ပြောင်းလဲထားသော ပြောင်းဖူးစေ့များကို စမ်းသပ်စိုက်ပျိုးခဲ့ရာ အပင်ပေါက်ရောက်ရှင်သန်သည်ကို တွေ့ရှိခဲ့သည်ဟု ဆိုသည်။ (အင်တာနက်)

ဗီဇပြုပြင်ပြောင်းလဲထားသော ပြောင်းဖူးများ ပေါက်ရောက်ဖြစ်ထွန်းမှုကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

4-4 (06).pmd 1 4/4/2008, 2:21 AM

ချန်ပီယံလိဂ်ပထမအကျော့ပွဲစဉ်များအပြီး နည်းပြတို့ပြောစကားများ

လန်ဒန် ဧပြီ ၃

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ဖီနာဘာချီနှင့် ချယ်လ်ဆီးတို့ယှဉ်ပြိုင်ကစားသည့်ပွဲ၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော ချယ်လ်ဆီးနည်းပြ ဂရန့်က "ဒီပွဲကကျွန်တော်တို့အနိုင်ရသင့်တဲ့ပွဲပါ၊ ဒါပေမယ့် ဒီပွဲရလဒ်ကို ကျွန်တော်ကျေနပ်စွာလက်ခံပါတယ်။ ကျွန်တော့်ကစားသမားတွေ အကောင်းဆုံးကစားသွားနိုင်ကြတယ်။ အိမ်ကွင်းမှာ ကျွန်တော်တို့အစွမ်းကုန် ကြိုးစားသွားရတော့မယ်" ဟု ပြောကြားသွားသည်။

ချယ်လ်ဆီးနည်းပြ ဂရန့်

ထို့အတူ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပထမအကျော့ပွဲစဉ်အဖြစ် အာဆင်နယ်နှင့် လီဗာပူးတို့ပွဲတွင် တစ်ဂိုးစီသရေဖြစ်ခဲ့သော အာဆင်နယ်နည်းပြအာစင်ဝင်းဂါးက "ဒီပွဲမှာကွင်းလယ်ဒိုင်လူကြီး ပီတာဗင့်ခ်ဆုံးဖြတ်ချက်တွေ မှားယွင်းနေတာကတကယ့်ကို ဘဝင်မကျစရာပါ၊ ပယ်နယ်တီရသင့်တာကို သူမပေးခဲ့ဘူး၊ ပြစ်ဒဏ်ပေးရမှာတွေလည်း မပေးဘူး၊ ဒီလိုပွဲမျိုးမှာ ကွင်းလယ်ဒိုင်လူကြီးတစ်ဦးရဲ့ ဆုံးဖြတ်ချက်က အရေးကြီးပါတယ်။ အခုတော့ ကျွန်တော်တို့ နောက်တစ်ဆင့် တက်ဖို့ ပူပင်နေရပြီပေါ့"ဟု ပြောကြားခဲ့သည်။

အာဆင်နယ်ကွင်းမှာ တစ်ဂိုးစီသရေပွဲကစားနိုင်ခဲ့သည့် လီဗာပူးအသင်းနည်းပြ ဘင်နီတက်ဇ်က "ကျွန်တော့် လူတွေ အကောင်းဆုံး ကစားသွားနိုင်တယ်။ ဒီရလဒ်ကို ကျေနပ်ပါတယ်။ ကျွန်တော်တို့ ဒုတိယအကျော့မှာ အားထည့်ကစားလိုက်ရင် ရည်မှန်းချက်ပြည့်သွားမှာပါ" ဟု ပြောကြားခဲ့သည်။ ။

(အင်တာနက်)

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး

ဖက်ဒရေးရှင်းဖလားပြိုင်ပွဲ ရှာရာပိုဗာ ပါဝင်မည်မဟုတ်

မော်စကို ဧပြီ ၃

ဩစတြေးလျအိုပင်းချန်ပီယံ မာရီယာရှာရာပိုဗာသည် ယခုလကုန်ပိုင်းတွင် မော်စကိုမြို့၌ အမေရိကန်နှင့် ကစားမည့် ဖက်ဒရေးရှင်းဖလား အကြိုဗိုလ်လုပွဲတွင် ရုရှားအသင်းအတွက် ကစားပေးနိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ရှာရာပိုဗာသည် ပြီးခဲ့သည့်လက ဖက်ဒရေးရှင်းဖလားပြိုင်ပွဲအဖြစ် အစ္စရေးနှင့်ရုရှားတို့ ကစားသည့်ပွဲတွင် ပါဝင်ကစားပေးခဲ့ပြီးဖြစ်၍ ရုရှားအသင်းအတွက် မကစားလိုကြောင်း ၄င်းကပြောကြားသည်။

ကမ္ဘာ့အဆင့် ဖရှိ ရုရှားတင်းနစ်မယ် ကွတ်ဇ်နက်ဆိုဗာသည် ဧပြီ ၂၆ရက်နှင့် ၂၇ ရက်တို့တွင် အမေရိကန်နှင့် ကစားမည့် အကြိုဗိုလ်လုပွဲ၌ ရုရှားအသင်းကို ဦးဆောင်ကစားမည်ဖြစ်သည်။ (အင်တာနက်)

အင်တာနက်သတင်းအတိုအထွာ

* ရီးရဲမက်ဒရစ်အသင်းက ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာကို ခေါ်ယူ စာချုပ်လိုကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

* **စပါးနည်းပြ ရာမို့စ်သည် ခေါ်ယူမည့် ဘောလုံးသမားအသစ် ခုနစ်ဦးတွင် ရီးရဲဇာရာဂိုဇာတိုက်စစ်မှူး ဒိုင်ဂိုမီလီတိုနှင့် ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား ဂရာနီရိုတို့ ပါဝင်သည်။**

* ဆန်းဒါးလန်းနည်းပြရွိုင်ကိန်းသည် အပြောင်းအရွှေ့ဈေးကွက်တွင် အသင်းအတွက် ကစားသမားခေါ်ယူဖြည့်တင်းရန် အသင်းသို့ ပေါင်သန်း ၅၀ တောင်းခံထားသည်။

* **အက်စတွန်ဗီလာနည်းပြ မာတင်အိုနေးလ်သည် ဘန့်စလေကွင်းလယ်ကစားသမား ဘရိုင်ယန်ဟိုဝဲ့ဒ်ကို ပေါင်သုံးသန်းဖြင့် ခေါ်ယူရန် စီစဉ်နေသည်။**

* ဘော်လ်တန်အသင်းမှဆွစ်ဇာလန်ကွင်းလယ်ကစားသမား ဒီဇီမိုင်လီကို စီးရီးအေမှ တိုရီနိုအသင်းက ခေါ်ယူလိုသည်ဟု ဆိုသည်။

* **ပို့စ်မောက်အသင်းမှ ဂါနာကွင်းလယ်ကစားသမား မန်တာရီကအသင်းအား ၄င်း၏ ဂါနာကစားဖော် ဂျွန်မင်းဆက်ချ်ကို ခေါ်ယူရန် တိုက်တွန်းထားသည်။**

* အဲဗာတန်ကစားသမား အာတီတာက အသင်းကြီးများတွင် ကစားခဲ့ပါက စပိန်တွင်ကစားမည်ဟု ပြောကြားခဲ့သောကြောင့် ၄င်း၏ အနာဂတ်မှာ အသင်း၌ ဆက်ရှိရန် မသေချာတော့ဟုဆိုသည်။

* **ဆန်းဒါးလန်းတိုက်စစ်မှူး မိုက်ကယ်ချိုပရာအား ကာဒစ်ဖ်အသင်းက ပြန်လည်ခေါ်ယူစာချုပ်လိုကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

ဂျို့စ်ကာဇာဂီနှင့် ဘာနတ်ဟော့ကင်းတို့ ထိုးသတ်မည်

လပ်ဗီးဂတ်စ် ဧပြီ ၃

ဝဲလလက်ဝှေ့သမား ဂျို့စ်ကာဇာဂီနှင့် အမေရိကန်လက်ဝှေ့သမား ဘာနတ်ဟော့ကင်း(ဝဲပုံ)တို့ အမေရိကန်နိုင်ငံ လပ်ဗီးဂတ်စ်မြို့တွင် ဧပြီ၁၉ရက်၌ထိုးသတ်မည်ဟု လက်ဝှေ့ပွဲစီစဉ်သူများက ပြောကြားသည်။

စူပါမစ်ဒယ်ဝိတ်ချန်ပီယံ ဝဲလလက်ဝှေ့သမားဂျို့စ်ကာဇာဂီသည် ၄၄ပွဲ ရှုံးပွဲမရှိ ထိုးသတ်ထားနိုင်သူဖြစ်ပြီး အသက် ၃၆နှစ်အရွယ်ရှိနေသူဖြစ်သည်။

အမေရိကန်လက်ဝှေ့သမား ဘာနတ်ဟော့ကင်းမှာ ၄၈ပွဲနိုင်၊ လေးပွဲသရေနှင့် နှစ်ပွဲရှုံးထားပြီး ၃၂ပွဲမှာ အလဲထိုးနိုင်သူဖြစ်သည်။ ယခုပွဲ၌ မိမိအနိုင်ရရှိမည်ဟု ယုံကြည်ထားကြောင်း ဂျို့စ်ကာဇာဂီကပြောကြားသည်။

(အင်တာနက်)

မီတာ ၆၀ ကမ္ဘာ့အမြန်ဆုံးအပြေးသမားများ

ဗလင်စီယာ ဧပြီ ၃

နိုင်ငံတကာပြေးခုန်ပစ်အားကစားအဖွဲ့ချုပ်မှ ဧပြီ ၃ရက်က ထုတ်ပြန်လိုက်သော စာရင်းအရ မီတာ၆၀ အမြန်ဆုံးအပြေးသမားများ၏ စာရင်းကိုအောက်ပါအတိုင်း ဖော်ပြထားသည်။

	အမည်	နိုင်ငံ	ပြေးချိန်	မီတာ
(၁)	ဘာယန်ကလေ	အမေရိကန်	၇ ဒသမ ၈၆စက္ကန့်	၆၀
(၂)	အင်ဒရက်စ်ရာဂျာ	ဗြိတိန်	၈ ဒသမ ၀၃	၆၀
(၃)	မီခေးလ်လော့ဗီနင်ကို	ရုရှား	၈ ဒသမ ၀၈	၆၀
(၄)	အင်ဒရီကရူချန်ကာ	ဘူလ်ဂေးရီးယား	၈ ဒသမ ၁၁	၆၀
(၅)	ဒီမီထရီကာပေါ့ဗ်	ကာဇက်စတန်	၈ ဒသမ ၁၅	၆၀
(၆)	ဒိုနိုဗင်ကီမာတင်	အမေရိကန်	၈ ဒသမ ၂၅	၆၀

ဆိုနီအဲရစ်ဆင် အိုပင်းတင်းနစ်ပြိုင်ပွဲ နာဒယ် အကြိုဗိုလ်လုပွဲတက်ရောက်

မီယာမီ ဧပြီ ၃

အမေရိကန်နိုင်ငံ မီယာမီမြို့၌ ကျင်းပလျက်ရှိသည့် ဆိုနီအဲရစ်ဆင် အမျိုးသားတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်၌ ရာဖေးလ်နာဒယ်က ဂျိမ်းစ်ဘလက်အား အနိုင်ရပြီး အကြိုဗိုလ်လုပွဲ တက်ရောက်သွားသည်။(အောက်ပုံ)

ရာဖေးလ်နာဒယ်သည် ဂျိမ်းစ်ဘလက်အား ၃-၆၊ ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ရာဖေးလ်နာဒယ်က မိမိသည်ယခုနှစ်အတွက် ပထမဆုံး ဆုဖလားကို ရယူရန် ကြိုးစားသွားမည်ဟု ပြောကြားလိုက်သည်။

မီတာ၆၀ အမြန်ဆုံးအပြေးသမား ဘာယန်ကလေ

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား စီရိုနယ်ဒိုဖြစ်လာ

လန်ဒန် ဧပြီ ၃

မန်ယူတောင်ပံကစားသမား စီရိုနယ်ဒို(အောက်ဝဲပုံ)သည် အေစီမီလန်အသင်းမှ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား ကာကာထက် ပို၍ကောင်းလာကြောင်း ရီးရဲမက်ဒရစ်နည်းပြဘာန်းရှူးစတားက ချီးကျူးစကား ပြောကြားလိုက်သည်။

အသက် ၂၃နှစ်ရှိ စီရိုနယ်ဒိုသည် ရိုးမားနှင့် ကစားသည့်ပွဲတွင် ယခုနှစ်ရာသီအတွင်း မန်ယူအတွက် ၃၆ဂိုးမြောက် ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ ထိုစဉ်အတွင်း ကာကာသည် စီးရီးအေတွင် ခြေစွမ်းမပြနိုင်ဘဲ ရှိသည်။

စီရိုနယ်ဒိုသည် မကြာမီတွင်ကာကာကိုကျော်လွန်ကာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားအဖြစ် ရပ်တည်လာနိုင်ကြောင်း ဘာန်းရှူးစတားက ပြောကြားခဲ့သည်။ (အင်တာနက်)

အာကြီးကွင်း၌ လီဗာပူးတို့သရေကစား၊ ချယ်လ်ဆီး အဝေးကွင်းရှုံးပွဲကြုံ

လန်ဒန် ဧပြီ ၃

လီဗာပူးအသင်းသည် ဥရောပချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် အာဆင်နယ်၏အိမ်ကွင်း အီးမရိတ်ကွင်းသို့ ဧပြီ ၂ရက်က သွားရောက် ကစားခဲ့ရာတွင် သရေကျအောင်လိုက်ကစားနိုင်ခဲ့၍ ဘင်နီတက်ဇ်တို့အဖွဲ့ အဝေးကွင်းတိုးတက်မှုတစ်ရပ် ရရှိထားသည်။

အာဆင်နယ်ကစားသမားတိုးရေးနှင့် ရိုင်ယန်ဘာဘယ်တို့ ဤသို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။

အမှားအယွင်းမခံ

ပွဲစသည်ဆိုလျှင်ပင် တစ်ဖက်နှင့်တစ်ဖက် မာမာတင်းတင်း ထိုးထိုးဖောက်ဖောက် အကြိတ်အနယ်ရှိလှ၍ ဘောလုံးရသပါသည့် ပြိုင်ပွဲဖြစ်ခဲ့ရသည်။ နှစ်သင်းစလုံး ပရီမီယာလိဂ်အသင်းများချည်းဖြစ်နေ၍ တစ်သင်း ၏ခြေစွမ်းကို တစ်သင်းက သိထားကြသဖြင့် အမှားအယွင်းမခံဘဲ ကစားခဲ့ကြသည်။

ခေါင်းတိုက်သွင်း

ကစားချိန် ၂၃မိနစ်ကြာလာသည့် အချိန်တွင် အာကြီးတို့တရစပ်ထိုးဖောက် တိုက်စစ်ဆင်ကစားရာက ဗန်ပါစီ ဝဲထောင့်ဘက်ခြမ်းမှ လီဗာပူးဂိုးရှေ့သို့ အနေတော်ကန်တင်ပေးလိုက်ရာ တိုက်စစ်မှူးအဒီဘာယောက လီဗာပူးနောက်တန်းလူများကြားမှ မနားတမ်း အရှိန်ပြင်းပြင်း ခေါင်းတိုက်သွင်းယူလိုက်ရာ လီဗာပူးဂိုးသမားရေးနာ ပြင်ဆင်ချိန်မရလိုက်ဘဲ ဂိုးဝင်သွားသည်။

သောသောညံ

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးနှင့် သူ၏ကစားသမားများ အဖွင့်ဂိုးသွင်းယူထားနိုင်ပြီဖြစ်၍ ပျော်လို့ပင်မဆုံးနိုင်သေး လီဗာပူး အသင်းခေါင်းဆောင် စတီဗင်ဂျရတ် ဝဲတောင်ပံမှ တရစပ်ထိုးဖောက်လာပြီး အာကြီးနောက်ခံလူများကို နှစ်ဆင့်လိမ်ခေါက်ပြီး ဖြတ်တင်ပေးလိုက်ရာ တိုက်စစ်မှူး ဒက်ကွတ် မနားတမ်းကန်သွင်းခဲ့သဖြင့် လီဗာပူးပရိသတ်များ၏ 'ဂိုး'ဟု အော်သံများ သောသောညံသွားလေသည်။

ဒုတိယပိုင်းပြန်ကစားချိန်တွင် အာကြီးတို့ အနိုင်ဂိုးရရှိရေး အကြိတ်အနယ် ထိုးဖောက်ကစားခဲ့ရာ အလက်ဇန္ဒားလက်ဘ် အပိုင်ကန်ခွင့်ရမည့် အနေအထားတွင် လီဗာပူးတိုက်စစ်မှူး ဒက်ကွတ်က လက်ဖြင့်ဆွဲချလိုက်၍ အာကြီးတို့တစ်ဂိုး နစ်နာခဲ့ရသည်။ လီဗာပူးဂိုးဧရိယာအတွင်း ဆွဲချခဲ့ခြင်းဖြစ်၍ ပယ်နယ်တီပေးသင့်သော်လည်း ကွင်းလယ်ဒိုင်လူကြီးက ဂိုး ဧရိယာအစပ်မှ တည်ကန်ဘောသာပေးခဲ့၍ အာကြီးပရိသတ်များ စိတ်အလိုမကျဖြစ်ခဲ့ရပြန်သည်။

ပွဲသိမ်းခဲ့ရ

အာကြီးတို့ မိနစ် ၉၀ကျော်လုံးလုံး လီဗာပူးထက်ကောင်းအောင် ခြေစွမ်းပြ ကစားနိုင်ခဲ့သော်လည်း အနိုင်ဂိုးထပ်မသွင်းနိုင်ဘဲ သရေဖြင့် ပွဲသိမ်းခဲ့ရသည်။

ဆက်လက်ရှာဖွေ

ဒုတိယအကျော့ပြိုင်ပွဲအဖြစ် ဧပြီ ၈ရက်တွင် အန်ဖီးလ်ကွင်းသို့ အာကြီးတို့သွားရောက်ကာ အကြိုဗိုလ်လုပွဲတက်၊မတက်ဆိုသည့်အဖြေကို ဆက်လက်ရှာဖွေရဦးမည်ဖြစ်သည်။

ဖီနာဘာချီ-ချယ်လ်ဆီး

တူရကီကလပ် ဖီနာဘာချီအသင်းနှင့် ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးတို့သည် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပြိုင်ပွဲအဖြစ် ဖီနာဘာချီ၏ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

နည်းပြဂရန့်၏ ချယ်လ်ဆီးအသင်းသည် ပွဲစပြီး ၁၃မိနစ်အကြာ ထိုးဖောက်တိုက်စစ်ဆင်ကစားလာရာ မာလူဒါကန်လိုက်သောဘောလုံးသည် ဖီနာဘာချီကစားသမား ဒိဗစ်ကို ထိမှန်၍ ဂိုးဝင်သွားသဖြင့် ချယ်လ်ဆီးတို့ ဦးဆောင်ဂိုးရခဲ့သည်။

အကောင်းဆုံးရလဒ်

ပထမပိုင်းတွင် မိုက်ကယ်အက်ဆီယံသွင်းယူသော ဘောလုံးမှာလည်း ဂိုးဘားတန်း ထိသွားသဖြင့် ချယ်လ်ဆီးတို့တစ်ဂိုးနစ်နာခဲ့ရသည်။

အိမ်ရှင်ဖီနာဘာချီတို့ ဒုတိယပိုင်းတွင် ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ လန်ဒန်ဖွား ကောလင်းကာဆင်ရစ်ချတ်က ဖီနာဘာချီအသင်းအတွက် ချေပဂိုးသွင်းယူလိုက်သည်။ ချယ်လ်ဆီးပင်တိုင်ကစားသမားများဖြစ်ကြသည့် ဘောလက်၊ ဂျိုကိုးလ်၊ လမ်းပတ်၊ ဒရော့ဘာ၊ တယ်ရီ၊ ကာဗယ်ဟို၊ အနယ်ကာ စသော ဒေါင်ဒေါင်မြည်ကစားသမားများ အင်ပြည့်အားပြည့် ခြေကုန်ထုတ်ကစားခဲ့ကြသော်လည်း ချေပဂိုးမသွင်းနိုင်သည့်အပြင် ပွဲချိန် ၈၁ မိနစ်တွင် ဒိဗစ်က ပထမပိုင်းတွင် ပေးလိုက်ရသည့် အချောင်ဂိုးအတွက် အနိုင်ဂိုးဖြင့် ဖီနာဘာချီအား အိမ်ကွင်းရလဒ်ကို မြှင့်တင်ပေးခဲ့သည်။ ပွဲအပြီး ချယ်လ်ဆီးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီဖြစ်၍ အိမ်ကွင်း၌ အကောင်းဆုံးရလဒ်အတွက် ဆက်လက်အဖြေရှာရဦးမည်သာဖြစ်သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေနှင့် မြင့်မောင်စိုးတို့ စုစည်းသည်

ပဲခူးမဟာဝိဇယသိမ်တော်ကြီး နှစ်တစ်ရာပြည့်နှင့် ဘက်စုံပြုပြင်မှု အောင်မြင်ခြင်းရေစက်ချမင်္ဂလာ

နေပြည်တော် ဧပြီ ၃

ပဲခူးတိုင်း ကညွတ်ကွင်းမြို့ ငါးထပ်ကြီးဘုရားဝင်းအတွင်း၌ သိမ်ဒါယကာ ဦးဖိုးညွန့် ဇနီး ဒေါ်သင်တို့က ၁၂၇၀ ပြည့်နှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သော မဟာဝိဇယသိမ်တော်ကြီးနှစ်တစ်ရာပြည့်နှင့်ဘက်စုံမွမ်းမံပြုပြင်မှုအောင်မြင်ခြင်း အထိမ်းအမှတ် ရေစက်ချအလှူ မင်္ဂလာအခမ်းအနားကို မတ်၃၀ရက် နံနက်ပိုင်းက ငါးထပ်ကြီးဘုရား ကိုးခန်းမေ္ဘာရုံကြီး၌ကျင်းပရာ အခမ်းအနားသို့ မဟာဝိဇယ သိမ်တော်ကြီး ဘက်စုံမွမ်းမံပြုပြင်မှု အလှူရှင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဇနီး ဒေါ်ခင်လေးမြင့်၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ကညွတ်ကွင်းမြို့နယ် ဥက္ကဋ္ဌ ဦးတင့်ဆွေမြင့်၊ မြို့နယ်သာသနာ ရေးမှူး ဦးဘခင်၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

လျှောက်ထား

ရှေးဦးစွာ ဗိုလ်ချုပ်ဇော်ဝင်းက မဟာဝိဇယသိမ်တော်ကြီးသမိုင်းနှင့် ဘက်စုံမွမ်းမံပြုပြင်ရခြင်း ရည်ရွယ်ချက်ကို ဆရာတော်ကြီးများထံ တင်ပြလျှောက်ထားသည်။

ထို့နောက် ပရိသတ်တို့က ငါးထပ်ကြီးဘုရား မင်္ဂလာမြို့ထောင့်ကျောင်း ဆရာတော် ဘဒ္ဒန္တဦးပဏ္ဍိတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကညွတ်ကွင်းမြို့ သံဃပမာဓ နာယကဆရာတော်ကြီးများ အမှူးပြုသော ဆရာတော်၊ သံဃာတော် အပါး ၅၀ တို့က အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

အမျှဝေ

ဆက်လက်၍ ဗိုလ်ချုပ်ဇော်ဝင်းနှင့်ဇနီး မိသားစုတို့က ဆရာတော်၊သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မင်္ဂလာမြို့ထောင့်ကျောင်း ဆရာတော် ဘဒ္ဒန္တဦးပဏ္ဍိတထံမှ ရေစက်ချအနုမောဒနာ တရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်ကပ်

အခမ်းအနားအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဇနီး မိသားစုများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် သုံးပေရှိကာ တံတားအမျိုးအစားမှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ် တံတားဖြစ်ပြီး ခံနိုင်ဝန်တန် ၆၀ ဖြစ်သည်။

စစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် လေးမျက်နှာမြို့နယ် ရေလဲကျေးရွာသို့ရောက်ရှိရာ တာမိုင်၂၀တွင် တိုင်းဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍တိုင်းမှူးသည် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာသို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက အရှည်၇မိုင်၊ အကျယ်၁၂ပေရှိ အိုင်သပြု-အိုင်တို ကျောက်ခင်းလမ်း အပိုင်းလိုက်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက အိုင်သပြုတံတား ပြင်ဆင်ထိန်းသိမ်းနေမှုကိုကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လူထုဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဧပြီ ၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား RIA Novosti News Agency Columnist Mr. Ivan ZKHARTCHENK ခေါင်းဆောင်သည့် အဖွဲ့ဝင်ငါးဦးပါဝင်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လူထုဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေ၅နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လူထုဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mr. Nikolay BARABANOV လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၄-၄-၂၀၀၈ (သောကြာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**"အစကကြိုသိခဲ့ရင်"** တရားတော် (ပွင့်ဖြူဆရာတော် ဦးဣသရိယ)
၈:၀၀-၂:၀၀	တေးဂီတအစီအစဉ်
၈:၀၅-၂:၀၅	ဖြိုးစေတနာ၏ အလင်းအလှူ
၈:၃၀-၂:၃၀	Myanmar Video Rhythm
၈:၅၅ - ၂:၅၅	သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး(ဒုစရိုက်တရားမြဲရှောင်ရှား)
၉:၀၅ - ၃:၀၅	ပြည်တွင်းသတင်း အကျဉ်း
၉:၁၅ - ၃:၁၅	တေးဂီတအစီအစဉ်
၉:၂၀ - ၃:၂၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉:၃၅ - ၃:၃၅	"ဒါ" ဖောရိန်းမိတ်တဲ့ လားဗျာ (ထူးသာ၊ ညီရော်၊ ဆုပန်ထွာ) (ဒါရိုက်တာ-ဝေဠု (ဝဿန်)
၉:၅၀ - ၃:၅၀	နိုင်ငံတကာ သတင်းအကျဉ်း
၉:၅၅ - ၃:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀ - ၄:၀၀	ခြိမ့်ခြိမ့်သဲသဲဆင်ကာနွဲ နှစ်ကိုပ်ရှစ်ဆူဘုရားပွဲ
၁၀:၂၅ - ၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀ - ၄:၃၀	Art Vision (Remind Contemporary Myanmar Art Exhibition)
၁၀:၅၀ - ၄:၅၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင် ကဏ္ဍ(ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၁၅ - ၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀ - ၅:၂၀	ပြည်တွင်းသတင်း အကျဉ်း
၁၁:၃၀ - ၅:၃၀	ဖိုးသကြိန်ကောင်းမှု (ပိုင်သိန်၊ ပုလဲဝင်း)
၁၁:၄၀ - ၅:၄၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၄၅ - ၅:၄၅	ရွှေဖြူ၏အလေအလွင့်များ မှသည် စက်မှုစွမ်းအားဖြင့် ခရမ့်ရော်ဘာဆီသို့
၁၂:၀၀ - ၆:၀၀	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၂:၂၀ - ၆:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅ - ၆:၂၅	လောကကိုအလှဆင်မည့် ပန်းများရဲ့ဥယျာဉ်
၁၂:၄၀ - ၆:၄၀	VJ CHOICIE
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4
အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

သကြိန်တရားစခန်းဖွင့်မည်

မော်လမြိုင် ဘုရားနှစ်ဆူ

မော်လမြိုင်မြို့ မြေနီကုန်းရပ် ဘုရားနှစ်ဆူကျောင်းတိုက် မိုးကုတ်ရိပ်သာ၌ ၁၃၆၉ခုနှစ် တန်ခူးလဆန်း ၆ရက် (ဧပြီ ၁၁ ရက်)မှ တန်ခူးလဆန်း ၁၂ရက် (ဧပြီ ၁၇ရက်)အထိ မိုးကုတ်ဝိပဿနာ ခုနစ်ရက် သင်္ကြန်အထူးတရားစခန်းပွဲကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲ၌ ဆရာတော်ဘဒ္ဒန္တ ရေဝတနယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များအား ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောကြားသွားမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူများသည် ၁၃၆၉ခု တန်ခူးလဆန်း ၅ရက် (ဧပြီ ၁၀ရက်)ညနေ ၅နာရီအရောက် လာရောက်ကြပါရန် နိုးဆော်ထားကြောင်း သိရသည်။

ရတနာသိခ်ရိပ်သာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း) အမှတ် ၄ရပ်ကွက် အဓိပတိလမ်း ရတနာသိခ် သာသနာ့ရိပ်သာ၏ တတိယအကြိမ်မြောက် သင်္ကြန်တွင်းတရားစခန်းပွဲကို တန်ခူးလဆန်း၆ရက်မှ ၁၂ရက် (ဧပြီ ၁၁ရက်မှ ၁၇ရက်)အထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ နည်းနိဿယအတိုင်း ရတနာသိခ်ဆရာတော်က ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် အကျိုးတော်ဆောင် ဖုန်း-၅၅၅၅၀၅သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ (က-ပ)

ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆု ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်

ရန်ကုန် ဧပြီ ၃

ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ ဆရာတော် ဘဒ္ဒန္တသာသနဝရ(ဓမ္မာစရိယ၊မဟာဝိဇ္ဇာ)တည်ထောင်သော **ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆု**များကို စိတ်ပါဝင်စားသူ ရဟန်းရှင်လူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားပြီး သာသနာ့သမိုင်းစာပေဆု(ပ-ဒု-တ)၊ အထွေထွေဓမ္မစာပေဆု(ပ-ဒု-တ)၊ ဗုဒ္ဓတရားတော် အင်္ဂလိပ်ဘာသာ စာပေဆု (ပ-ဒု-တ)၊ ဓမ္မယဉ်ကျေးမှုစာပေဆု (ပ-ဒု-တ)၊ ပိဋကတ်ကျမ်းစာသုတေသန စာပေဆု(ပထမဆု)၊ ပုံနှိပ်ပြီး ဓမ္မစာပေဆု(ပထမဆု)နှင့် ဓမ္မာစရိယနှင့် ပါဠိပထမပြန် ပထမဆုရှစ်ဆုအမျိုးအစားခုနစ်မျိုးတို့ကို ဆုရွေးချယ်မည်ဖြစ်သည်။

နောက်ဆုံးထားပေးပို့

ဓမ္မာစရိယနှင့် ပါဠိပထမပြန် ပထမဆုများကို ၂၀၀၈-၂၀၀၉ ခုနှစ် စာမေးပွဲမှ အထူးအောင် ရဟန်း၊ သာမဏေ၊ သီလရှင် ပထမဆုရသူများအား ချီးမြှင့်ပြီး ပုံနှိပ်ပြီး ဓမ္မစာပေဆုကို ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသည့် ဓမ္မစာပေ စာအုပ်များထဲမှ ရွေးချယ်မည်ဖြစ်သည်။ ယှဉ်ပြိုင်လိုသူများသည် ဓမ္မဗိမာန်သို့ လိပ်မူ၍ စာအုပ်နှစ်အုပ် ပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စာမူများကို ၂၀၀၉ ခုနှစ် စက်တင်ဘာ ၃၀ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

အခမဲ့ထုတ်ယူနိုင်

ပြိုင်ပွဲဝင်ပုံစံများကို ဓမ္မဗိမာန်အမှတ်(၆၀၆)ဒုတိယထပ်(၅)လမ်းနှင့် (၆) လမ်းကြား ကမ်းနားလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၁၃၅၉ နှင့် ၃၈၅၁၉၃တို့သို့ လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ

မိတ္ထီလာ ဧပြီ ၃

မိတ္ထီလာမြို့ အမှတ်(၁)ရဲစခန်းမှ ဒုရဲအုပ်အောင်ဇော်ဦးသည် မတ်၂၆ ရက်က တာဝန်မှူးကျနေစဉ် ညနေ ၄ နာရီမိနစ် ၂၀က ရန်ကုန်-မန္တလေး ကားလမ်းတွင် ယာဉ်တိုက်မှု တစ်ခု ဖြစ်ပွားနေကြောင်း သတင်းရရှိသဖြင့် သွားရောက် စစ်ဆေးခဲ့သည်။

ယာဉ်တိုက်မှုမှာ မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ်ကွက် နယ်မြေ (၇)နေ မျိုးနိုင် (၂၂)နှစ် မောင်းနှင်သော ဟိုင်းလတ်အပြာရောင်ကား အမှတ် ဒ/၁၁၅၃ကို ပျော်ဘွယ်မြို့မှ မိတ္ထီလာမြို့သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၃၃၆/၆ အနီးအရောက်တွင် မိတ္ထီလာဘက်မှ ပျော်ဘွယ်ဘက်သို့ ယင်းတော်ရွာနေ ကျော်စိုးထွန်း (၂၅)နှစ် စီးနင်းလာသော အနက်ရောင်နံပါတ်မပါ ဆိုင်ကယ်ပေါ်တွင် နောက်မှ မမေသူအောင် (၁၉)နှစ်၊ မျိုးကိုကို (၂၈)နှစ်တို့အား တင်၍ စီးလာသော မော်တော် ဆိုင်ကယ် နှင့် မျက်နှာချင်းဆိုင် တိုက်မိကြခြင်းဖြစ်သည်။

ယင်းကဲ့သို့ ဆိုင်ကယ်နှင့် ကား မျက်နှာချင်းဆိုင်တိုက်မိကြသဖြင့် ဆိုင်ကယ်စီးသူ ကျော်စိုးထွန်း၊ ဆိုင်ကယ်နောက်မှ လိုက်လာသူ မမေသူအောင်နှင့် မျိုးကိုကိုတို့မှာ ဒဏ်ရာရရှိသွားပြီး ကားတိုက်ခံရသူ ကျော်စိုးထွန်းနှင့် မမေသူအောင်တို့မှာ ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာရရှိ၍ မန္တလေးဆေးရုံကြီးသို့ တင်ပို့ကုသထားရသည်။ မော်တော်ကားနှင့် ဆိုင်ကယ်တိုက်မှုကို အမှတ်(၁)ရဲစခန်းမှ ဒုရဲအုပ် အောင်ဇော်ဦးက တရားလိုပြုလုပ်၍ မျိုးနိုင်(၂၂)နှစ်နှင့် ကျော်စိုးထွန်း (၂၅)နှစ်တို့အား ရဲစခန်း (ပ) ၆၉/၂၀၀၈ ပုဒ်မ ၃၃၇ဖြင့် အရေးယူထားသည်။ **(ဝ၈၆)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ပုလဲကွန်ဒိုနေ မွေးမိခင် ဒေါ်ခင်ခင်မြင့်၊ ကျွေးမိခင် ဒေါ်ခင်ခင်သန်းတို့အား ရည်စူး၍ ဒေါ်မော်လီခင်သန်း နှယ်နှင့်သား ဦးတင်မောင်မောင် မိသားစုတို့က ဆွမ်းပဒေသာပင် နှင့် ဆေးပဒေသာပင် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

■ ကျောဖုံးမှ

စနူကာပြိုင်ပွဲအတွက် ပထမဆုဒေါ်လာ၁၂၀၀၊ ဒုတိယဆု ဒေါ်လာ ၆၅၀၊ တတိယဆုဒေါ်လာ ၃၅၀နှင့် စတုတ္ထဆု ဒေါ်လာ ၁၅၀ ချီးမြှင့်မည့်အပြင် အမှတ်အများဆုံး ထိုးနိုင်သူအား ဒေါ်လာ၁၀၀ ချီးမြှင့်မည်ဖြစ်သည်။

ဘိလိယက်

မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည့် ဘိလိယက်အားကစား လက်ရွေးစင်များမှာ မြို့တော်စည်ပင်မှ ကျော်ဦးနှင့် အောင်ဆန်းဦး၊ လယ်ယာ/ဆည်မြောင်းမှ အောင်ဌေး၊ မထသမှ နေသွေးဦး၊ မန္တလေးတိုင်းမှ မင်းစည်သူထွန်းတို့ ဖြစ်ကြသည်။

စနူကာ

စနူကာ လက်ရွေးစင်များအဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှ ဝင်းခိုင်နှင့် နိုင်လင်းသူ၊ မွန်ပြည်နယ်မှ ရဲဇော်ထွဋ်၊ ရန်ကုန်တိုင်းမှ ဇော်ဝင်းချိုနှင့် ဟိန်းလွင်မိုးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ॥ **(မြန်မာ့အလင်း)**

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၃၁ ရက် နံနက် ၉ နာရီတွင် ပုလဲမြို့နယ် ဖလံပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆောင်သစ်၌ကျင်းပသော တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ၌ ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲသို့ ဖလံပင်၊ မိုးကောင်း၊ ရှားတော၊ အိုင်းမ၊ သက္ကယ်ကျင်း၊ ဆယ်ပြင်၊ အေးချမ်းသာ၊ သဲပြင်ကျယ်၊ သစ်ကြီးတိုင်း၊ ဇီးတွင်း၊ သံတောင်၊ ကျော်တော၊ ဝမ်းဘဲ့ဥ စသည့် ကျေးရွာ ၁၃ ရွာတို့မှ ဒေသခံပြည်သူ ၃၀၀၀ ခန့် တက်ရောက်သည်။ တွေ့ဆုံပွဲတွင် တက်ရောက်လာကြသော ကျေးရွာများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

အကျိုးခံစားနေရ

တင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ဒေသအတွင်း ပြည်သူများ လက်တွေ့ အကျိုးခံစားနေရသည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ရင်းရင်းနှီးနှီး

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပညာရေးဆိုင်ရာ လုပ်ငန်းများအတွက် အလှူငွေအဖြစ် ဆယ်ပြင်ကျေးရွာ မူလတန်းကျောင်း အမိုးပြုပြင်ရန် အတွက် ငွေကျပ်နှစ်သိန်း၊ ဇီးတွင်း ကျေးရွာ မူလတန်းလွန်ကျောင်း နံရံ ပြုပြင်ရန်အတွက် ငွေကျပ် နှစ်သိန်း၊ သံတောင်ကျေးရွာ မူလတန်းကျောင်း အမိုးပြုပြင်ရန်အတွက် ငွေကျပ်နှစ်သိန်း၊ ဝမ်းဘဲ့ဥကျေးရွာ တွဲဖက် မူလတန်းကျောင်း နံရံပြုပြင်ရန်အတွက် ငွေကျပ်နှစ်သိန်း စုစုပေါင်း ငွေကျပ်ရှစ်သိန်းကို လည်းကောင်း၊ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဒေသခံပြည်သူများအတွက် စောင်၊ ခြင်ထောင်၊ မျက်နှာသုတ်ပဝါ၊ ဒန်အိုး၊ အဝတ်အထည်၊ ဆပ်ပြာနှင့် အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တက်ရောက်

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းတည့် ၁၂ နာရီတွင် ပုလဲမြို့နယ် ကန့်ဒေါင့်ကျေးရွာ မူလတန်းလွန်ကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ ပြုလုပ်သော တွေ့ဆုံပွဲသို့ တက်ရောက်သည်။ တွေ့ဆုံပွဲသို့ ကန့်ဒေါင့်၊ အောင်ချမ်းသာ၊ မဲဇရပ်၊ ကြောင်ဝံစူး၊ သာစည်၊ တုံးကန်၊ သက္ကယ်ကျင်း၊ နွယ်အင်း၊ ချင်ပြစ်ကျင်း၊ ပျော်ဘွယ်ကျင်း၊ ဝမ်းဘဲချိုင့်၊ ပိတောက်ကုန်း၊ ကျီးပင်၊တောင်ရွာသစ်၊ သရက်လှ၊ နှောရိုး၊ ကံရိုး၊ လယ်ဓမ္မ စသည့် ကျေးရွာ ၁၈ ရွာတို့မှ ဒေသခံပြည်သူ ၂၀၀၀ ကျော် တက်ရောက်ကြသည်။

မှာကြား

ထို့နောက်တွေ့ဆုံပွဲသို့တက်ရောက်လာကြသော ကျေးရွာများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

လှူဒါန်း

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးက ကန့်ဒေါင့်ကျေးရွာ မူလတန်းလွန်ကျောင်းအဆောက်အအုံအတွက် ငွေကျပ်နှစ်သိန်း၊တောင်ရွာသစ်မူလတန်းကျောင်းဆောင်သစ်အတွက် ငွေကျပ်နှစ်သိန်း၊ ကံရိုးကျေးရွာ မူလတန်းလွန်ကျောင်းအဆောက်အအုံအတွက်ငွေကျပ်နှစ်သိန်း စုစုပေါင်းငွေကျပ်ခြောက်သိန်းကို လည်းကောင်း၊ ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဒေသခံပြည်သူများအတွက် ပလတ်စတစ်ကြိုး၊ ခြင်ထောင်၊ ဆပ်ပြာ၊ မိုးရေကာဖျင်နှင့် အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံ

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၂ နာရီခွဲတွင် ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်တွင် ကျင်းပသော တွေ့ဆုံပွဲသို့ တက်ရောက်သည်။ အဆိုပါတွေ့ဆုံပွဲသို့ မင်းတိုင်ပင်၊ မြေနီကုန်း၊ သရက်၊ ထန်းတောတိုက်၊ အိုးဘို၊ မကျီးကုန်း၊ နှောကန်၊ ကျောက်ဖျာကန်၊ အိုင်းမ၊ ချောင်းဦး၊ တောသာ၊ ဇီးဖြူကုန်း၊ ဦးနှောက်၊ သာယာကုန်း၊ သရက်ကန်၊ ချောင်းနား၊ တလိုင်းကန်၊ ဝါးကြီးတော၊ ညောင်ရင်းကုန်း၊ ကိုးပင်၊ လေမသုတ်၊ အင်ကြင်းစု၊ ကိုင်းတွင်း၊ အင်းကန်၊ သပြေကုန်း၊ စပါးစေ့၊ လက်ပုကန်၊ ကုက္ကိုကုန်း၊ ဆင်ရှင်၊ အင်မထီး စသည့် ကျေးရွာ ၃၀ တို့မှ ဒေသခံပြည်သူ၂၅၀၀ခန့် တက်ရောက်ကြသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပဏာမဆွေးနွေးမှာကြားသည်။ဆက်လက်၍ တက်ရောက်လာသော ဒေသခံပြည်သူများကိုယ်စား ကျောက်ဖျာကန်ကျေးရွာမှ ဦးဆန်းဝင်း၊ လက်ပုကန်ကျေးရွာမှ ဦးဝင်းမော်နှင့် ဦးနှောက်ကျေးရွာမှ ဦးဘိုငွေးတို့က ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်နှင့်အတူ ပူးပေါင်းလက်တွဲ ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြဆွေးနွေးကြသည်။

လက်ခံ

ထို့နောက် ဗဟိုအတွင်းရေးမှူးက နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ပြည်သူများ ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးမှာကြားပြီး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဒေသခံပြည်သူများအတွက် ဆပ်ပြာ၊ ဒန်အိုး၊ အဝတ်အထည်များ၊ ခြင်ထောင်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ပေါင်းစပ်ဖြည့်ဆည်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၂၉ရက်မှ မတ် ၃၁ရက်အထိ စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မြို့နယ်အတွင်း ကျေးရွာပေါင်း ၁၂၇ရွာမှ ပြည်သူ ၂၅၀၀၀ ခန့်နှင့် တွေ့ဆုံခဲ့ပြီး ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကြေး၊စာအုပ်စာစောင်များ၊ကျောင်းသုံးဗလာစာအုပ်များနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ် လှူဒါန်း၍ ဒေသနေပြည်သူများ၏လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ကန့်ဒေါင့်ကျေးရွာ၌ ကျေးရွာ ၁၈ရွာတို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရှင်ကျင့်ဝတ် သင်ကြားပြသပေးမည်

ရန်ကုန် ဧပြီ ၃

ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေး (သန့်-တည်-ပွား) အဖွဲ့သည် ဒုလ္လဘရှင် ရဟန်းဝတ်မည့် လူပုဂ္ဂိုလ်များသည် ဆရာတော်ကြီးများထံတွင် ရှင်ပြုရဟန်းခံမင်္ဂလာမပြုမီ ရှင်ရဟန်းတော်များလိုက်နာစောင့်ထိန်းရမည့် ရှင်ကျင့်ဝတ်များကိုသိရှိကျင့်သုံးနိုင်ရေး ကြိုတင်ပြင်ဆင်နိုင်ရန် အချိန် နှစ်နာရီအတွင်း မှန်တိုရှင်းနည်းဖြင့် သင်ကြားပေးလျက်ရှိသည်။

ရှင်ပြု၊ ဒုလ္လဘရဟန်း ပြုပေးမည့် အဖွဲ့အစည်း လူပုဂ္ဂိုလ်များ အနေဖြင့် သန့်-တည်-ပွားအဖွဲ့သို့ ရှင်ကျင့်ဝတ်သင်ကြား ပြသပေးရန် ရုံးအဖွဲ့ ဖုန်း-၇၂၇၂၂၃သို့ ဆက်သွယ် ဖိတ်ကြားနိုင်ပါကြောင်းနှင့် အဖွဲ့အနေဖြင့် သက်ဆိုင်ရာစာရွက်စာတမ်းများ ထောက်ပံ့ပြီး ဓမ္မဒါနအဖြစ် ပံ့ပိုးကူညီ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

The Live News ဂျာနယ် အမှတ်(၇၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၃

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၇၈)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

သီကြားမင်းနှင့်မြန်မာပြည်၊ တနင်္သာရီကမ်းရိုးတန်းတွင် လေစွမ်းအင်စမ်းသပ်ထုတ်လုပ်မှုကို မြန်မာ-ထိုင်း ပူးပေါင်းဆောင်ရွက်မည်၊ လာမည့်သင်္ကြန်ရက်များအတွင်း မဏ္ဍပ်တည်ဆောက်ခြင်းနှင့် ရေပက်ကစားခြင်းများကို ရန်ကုန်မြို့တော်စည်ပင်မှ ကြပ်ကြပ်မတ်မတ် စစ်ဆေးဆောင်ရွက်သွားမည်။ သင်္ကြန်အပြီးမှာ ပရိသတ်ရင်ထဲကို တစ်ကိုယ်တော်ခွေသစ်နဲ့ ခိုလှုံတော့မယ့်ဖြိုးကြီး၊ မက်မပြေမဂ္ဂဇင်း၊ ဂုဏ်ရည်မတူ၊ ပြည်ထောင်စုစနစ်နှင့် အခြေခံဥပဒေများ၊ငါးထပ်ကြီးဘုရားလမ်းမှသည်ငါးထပ်ကြီးဘုရားလမ်းသို့၊ယာဉ်များစစ်ကြသည်ဆိုရာဝယ်၊အယ်လ်ဆာဒါ၏ ရှီးယိုက်မာဒီတပ်ဖွဲ့ဝင်များ လက်နက်စွန့်လွှတ်ပြီ၊ တရုတ်(တိုင်ပေ)မှ ထူးထူးဆန်းဆန်း မဲဆွယ်စည်းရုံးမှုတစ်ခု၊ အင်္ဂလန်နိုင်ငံတွင် လေယာဉ်တစ်စင်းပျက်ကျ လိုက်ပါလာသူ ငါးဦးစလုံး သေဆုံး၊ ပတ်ဝန်းကျင်နှင့် အဆင်ပြေဆုံးသူသာ အသက်ရှင်သန်၍ ကျန်ရစ်ခဲ့လိမ့်မည်၊ တက္ကစီမင်းနှင့်ဂျီကောင်လေး၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဆင်ဖြူကျွန်း အောင်သိန်း၊ မြင်းမူ မောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ ကျောက်လုံး၊ အာရှမိုး၊ မောင်နေလင်း၊ ဆြာစန်း၊ ရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာတင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

နွေရာသီ ဆရာ ဆရာမများ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၃

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင် ပရဟိတဂေဟာ၌ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုမြို့နယ် ကြီးကြပ်ရေးအဖွဲ့၏ နွေရာသီ ဆရာ ဆရာမများ မွမ်းမံသင်တန်းကို မတ် ၃၁ရက်နံနက် ၉နာရီက ဖွင့်လှစ်ရာ မြို့နယ်ပညာရေးမှူးနှင့်သင်တန်းနည်းပြ ဆရာဆရာမများ၊ သင်တန်းသူ၊ သင်တန်းသား ၆၅ဦး တက်ရောက်ခဲ့ကြသည်။ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဆရာတော် ဘဒ္ဒန္တဇောတိက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ က သင်တန်းဖွင့် ဩဝါဒကထာ မြွက်ကြားခဲ့ကြောင်း သိရသည်။

(က-ပ)

ရိုးရာသင်္ကြန်ကာလ သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများလိုက်နာရန်။
- (၁) မူးယစ်သောက်စားယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ် အတုများ၊ အခြားယာဉ် နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲ ယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
- (၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်း လုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA , RED LIGHT CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့်ရိုက်ကူးထားပြီး အရေးယူဆောင်ရွက်သွားပါမည်။

(င) ''သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်''

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဘေးရန်ဆီးကာ .... ရမည်သာ

- ကျီးများသည် တောဌ်ရှိသော သူတစ်ပါး၏ အသိုက်ကို ဖျက်ဆီးတတ်၏။
- ကြွက်များသည် အိမ်တွင်းရှိ ပရိဘောဂများကို ဖျက်ဆီးတတ်၏။
- လူယုတ်မာများသည် တိုင်းပြည်အတွင်း ချမ်းသာခြင်းကို ဖျက်ဆီးတတ်၏။

လောကနီတိမှာ ဖော်ပြထားတဲ့ ဖျက်ဆီးတတ်သူ သုံးဦးအကြောင်း ဖြစ်ပါတယ်။ အဲဒီအကြောင်း ပြန်သတိရတိုင်း မြန်မာနိုင်ငံကို ဖျက်လိုဖျက်ဆီး လုပ်နေတဲ့ အကြမ်းဖက်အဖျက်သမားတွေအကြောင်းကိုပါ ဆက်စပ်ပြီး စဉ်းစားမိလေ့ ရှိခဲ့ပါတယ်။

သူခိုးကြီးတော့ဓားပြ၊ ဓားပြကြီးတော့ သူပုန်လို့ အဆိုရှိပေမယ့် မြန်မာနိုင်ငံမှာကျတော့ နိုင်ငံရေးသမားအတော်များများဟာ ပြည်ပြေးသောင်းကျန်းသူဘဝကနေ အကြမ်းဖက်သောင်းကျန်းသူအဖြစ် ရောက်သွားလေ့ရှိတာကို သတိပြုမိပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)ကစလို့ ပါလီမန်ဒီမိုကရေစီခေတ် ပါတီများ အလယ် ခုနောက်ဆုံး နိုင်ငံရေးပါတီတစ်ခုအထိ မြေပေါ်လှုပ်ရှားမှုနဲ့ မြေအောက်လှုပ်ရှားမှုကို ဆက်စပ်လုပ်ခဲ့တယ်။ ဆူပူအုံကြွဖို့ လှုံ့ဆော်ဖန်တီးတာနဲ့ လူတွေထိတ်လန့် ချောက်ချားအောင် ဖောက်ခွဲဖျက်ဆီးမှုတွေကို ချိန်ကိုက်လုပ်လေ့ရှိတယ်။ ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ အာဏာကို ဖြတ်လမ်းမှရရှိရေးနဲ့ အကြမ်းဖက်ဖျက်ဆီးရေးဟာ ၎င်းအဖွဲ့တွေရဲ့ ခေါင်းနဲ့ပန်း လုပ်ရပ်ဖြစ်လာခဲ့တယ်။

၁၉၈၉ခုနှစ် ဇူလိုင်လ ၇ရက်နေ့မှာ ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ ရေနံချက်စက်ရုံကို ချိန်ကိုက်ဗုံးနဲ့ ဖောက်ခွဲဖျက်ဆီးခဲ့တယ်။ အပြစ်မဲ့ပြည်သူ နှစ်ဦး သေဆုံးခဲ့ပြီး ကံသီလို့ ကြီးမားတဲ့ ပေါက်ကွဲမှုကြီး မဖြစ်ခဲ့တာပါ။ တရားခံကို စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာမှ သန်လျင်မြို့နယ် NLD ပါတီဝင်ယူဂျီတွေ ဖြစ်နေကြောင်းတွေ့ရှိခဲ့ရပါတယ်။

အဲဒီနှစ် ဇွန်လ ၁၀ရက်နေ့မှာ ရန်ကုန်မြို့တော်ခန်းမမှာ ချိန်ကိုက်ဗုံးဖောက်ခွဲခဲ့ပြန်တယ်။ တရားခံကတော့ KNU ဖောက်ခွဲဖျက်ဆီးရေးသမားကိုကိုနိုင်နဲ့ အဖွဲ့ပဲဖြစ်တယ်။ ဒီအကြောင်းတွေကို သက်ဆိုင်ရာက သတင်းစာရှင်းလင်းပွဲတွေမှာ သက်သေအထောက်အထားတွေနဲ့ အကျယ်တဝင့် ရှင်းပြခဲ့တာဖြစ်တယ်။

နောက်ပိုင်းမှာ စဉ်ဆက်မပြတ်ဆိုသလိုပဲ ဖြူးမြို့ ရုပ်ရှင်ရုံဖောက်ခွဲဖျက်ဆီးမှု၊ မန္တလေးဈေးချို ဖောက်ခွဲဖျက်ဆီးမှု၊ မိုင်းရှူးရတနာမြေ ဖောက်ခွဲဖျက်ဆီးမှုတွေကျူးလွန်ခဲ့တယ်။လေယာဉ်ပျံခြိမ်းခြောက် အပိုင်စီးမှုတွေ လုပ်ခဲ့တယ်။ အဲဒီလို လုပ်နိုင်အောင်လဲ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတွေ နယ်စပ်မှာပေးခဲ့တယ်။ အနောက်နိုင်ငံကြီးအချို့မှ ကျွမ်းကျင်သူတွေ လာရောက်ပို့ချတယ်။ ငွေကြေးနဲ့ လက်နက်ခဲယမ်းပစ္စည်းတွေ ထောက်ပံ့ခဲ့တယ်။

အဲဒီလိုနဲ့ သရဲမွေးတဲ့ အောက်လမ်းဆရာလို ဆရာမနိုင် နှစ်ဆောင်ပြိုင်ဇာတ်လမ်းတွေပေါ်လာတယ်။ ဗန်ကောက်မှာရှိတဲ့ မြန်မာသံရုံးကို အကြမ်းဖက်ဝင်ရောက်စီးနင်းတာတွေ၊ ထိုင်းနိုင်ငံ ရပ်ချ်ဘူရီဆေးရုံကို အကြမ်းဖက် စီးနင်းခဲ့တာတွေအထိ လက်ရဲဇက်ရဲ လုပ်ခဲ့ကြတယ်။ နောက်ဆုံး အကြမ်းဖက်သူဘဝကနေ သာသနာဖျက်သူအဆင့်အထိ တက်ခဲ့တယ်။ ရန်ကုန်မြို့ ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူတော် ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ပွဲကိုပင် အလွတ်မပေးဘဲ မိုက်ရူးရဲ ဖောက်ခွဲဖျက်ဆီးခဲ့တယ်။

အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမား တရားခံတွေကို ကြိုတင်ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့တဲ့ အကြိမ်တွေလဲ များစွာရှိတယ်။ ဆက်စပ် ဖမ်းမိပြီးစစ်ဆေးဖော်ထုတ် တွေ့ရှိတာတွေလဲ ရှိတယ်။ တရားခံအားလုံးက KNU/ NLD(LA)/ABSDF/ NCUB/ NCGUB/ SSA-S စတဲ့ ပြည်ပြေးအကြမ်းဖက်သောင်းကျန်းသူတွေ တစ်ယောက်မဟုတ်တစ်ယောက် ဖြစ်နေတာ သေချာခဲ့တယ်။

အဲဒီလို တရားခံဘယ်သူလဲဟှေလို့ မေးစရာမလိုအောင် ဘောင်ခတ်ထားတဲ့အချက်ကလဲ အထင်အရှားရှိနေတယ်လေ။ ၁၉၉၂ခုနှစ် ဩဂုတ်လ ၄ရက်နေ့မှာ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တွေ ပူးပေါင်းထားတဲ့ DAB/ ပြည်ပြေးစိန်ဝင်းရဲ့ NCGUB အဖွဲ့နဲ့ ပြည်ပြေး NLD တွေ ပေါင်းပြီး မြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီဖွဲ့စည်းမှုက တစ်ဆင့် နိုင်ငံတော်ကို နည်းလမ်းမျိုးစုံနဲ့ ဆန့်ကျင်တိုက်ခိုက်ဖို့ အာဏာဖီဆန်ရေး၊ လူထုတိုက်ပွဲကော်မတီ (Political Defiance Committee) ကို ၁၉၉၃ခုနှစ် ဇန်နဝါရီလမှာ ဖွဲ့ခဲ့တယ်။

အဲဒီအဖွဲ့ဟာ စစ်ရေး၊ သံတမန်ရေး၊ ထိုးစစ်အရှိန်မြှင့်တင် လုပ်ဆောင်ပြီး ပြည်တွင်းကို ဖောက်ခွဲဖျက်ဆီးရေးသမားတွေ ဆက်တိုက်စေလွှတ်ခဲ့တယ်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ဆောင်ရွက်မှုကို အဆင့်တိုင်းမှာ နှောင့်ယှက်ဖျက်ဆီးဖို့ ဆုံးဖြတ်ဆောင်ရွက်နေတာ တွေ့ရတယ်။

ဒါကြောင့်မို့ ၂၁-၁၂-၂၀၀၄ရက်နေ့ ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအနီး ဇော်ဂျီဟောက်စ်စားသောက်ဆိုင်ဖောက်ခွဲမှု၊ ၁၇-၃-၂၀၀၅ရက်နေ့ တောင်ဥက္ကလာပ ပါရမီကားဝင်းအတွင်း ဖောက်ခွဲမှုတွေ ကျူးလွန်လာခဲ့တယ်။ ဒီလိုနဲ့ ၂၀၀၅ခုနှစ် မေလ ၇ရက်နေ့ ရန်ကုန်မြို့ လူစည်ကားရာ သုံးနေရာမှာ တစ်ပြိုင်တည်း ချိန်ကိုက်ဖောက်ခွဲမှုကို လက်ရဲဇက်ရဲလုပ်ခဲ့တယ်။ အဲဒီ အဖျက်သမားတွေရဲ့ လက်ချက်ကြောင့် ရဟန်း၊ ရှင်လူ၊ ပြည်သူ ၂၃ဦး သေဆုံးခဲ့ရတယ်။ ၁၅၀ ဒဏ်ရာရရှိခဲ့တယ်။ ပြည်သူလူထုဟာ အကြမ်းဖက်အဖျက်သမားတွေကို အော့နှလုံးနာခဲ့တယ်။ ဆန့်ကျင်ရှုတ်ချခဲ့ကြတယ်။

ဒါပေမယ့် **အကြမ်းဖက်အဖျက်သမားတွေအတွက်ကတော့ ဒီလောက်နဲ့ တုန်လှုပ်မှာ မဟုတ်ပါဘူး။ မှားယွင်းတဲ့လုပ်ရပ်တွေကို ရပ်တန့်လိုက်မှာ မဟုတ်ပါဘူး။ အာဏာအတွက်ဆိုရင် ဘနဖူးကိုတောင် သိုက်တူးမယ့်လူတွေ ဖြစ်တာမို့ လက်မရွံ့ လူသတ်သမားတွေလို ဖြစ်နေပါပြီ။**

လေ့လာသူတစ်ဦး

ဒါကြောင့်မို့ ၂၀၀၆ခုနှစ် နှစ်ဦးပိုင်းကစပြီး ပဲခူး၊ ညောင်လေးပင်၊ တောင်ငူဒေသတစ်ဝိုက်မှာ လျှပ်စစ်တာဝါတိုင်ဖောက်ခွဲမှုတွေ၊ ဘူတာရုံနဲ့ ရထားလမ်းမိုင်းထောင်မှုတွေ၊ ဖောက်ခွဲမှုတွေကို ဆက်တိုက် လုပ်ဆောင်လာခဲ့တယ်။ ဟိုလွန်ခဲ့တဲ့ နှစ်အစိတ်၊ သုံးဆယ်ဝန်းကျင်က ရွှေမန်းမေ၊ ဒဂုံလွင်စတဲ့ ရန်ကုန်-မန္တလေးအမြန်ရထားတွေ၊ ရန်ကုန်-မော်လမြိုင်အမြန်ရထားတွေ မိုင်းခွဲတိုက်ခိုက်ခံရလို့ ပိုးစိုးပက်စက် သေကျေပျက်စီး ဆုံးရှုံးရပုံတွေကို သတင်းစာအဟောင်းတွေမှာ ပြန်ကြည့်ရင် တွေ့နိုင်ပါတယ်။ ဒီနေ့ဒီအချိန်အခါမှာ ဒါမျိုးတွေထပ်အဖြစ်ခံရဦးမှာလား။ သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ဒေသခံတိုင်းရင်းသားပြည်သူတွေပူးပေါင်းပြီး ဒေသဆိုင်ရာ လမ်းပန်းဆက်သွယ်မှုလုံခြုံရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်သူလူထုကိုယ်တိုင်ကလဲ အဲဒီကျေးဇူးတွေကို သိမြင်ထောက်ထားပြီး သွားသတိ၊ လာသတိနဲ့ အမြဲသတိပြုနေသင့်ပါတယ်။

အကြမ်းဖက်အဖျက်သမားဆိုတာ 'ချို'မပါပါဘူး၊ လူထဲကလူ၊ ပြည်သူထဲကပြည်သူ ဟန်ဆောင်ထားသူတွေ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်လ သုံးလခန့်ကပဲ ဘူတာရုံဗုံးဖောက်ခွဲဖို့ လှုပ်ရှားခဲ့မှုတွေ၊ ပွဲခင်းထဲ ဖောက်ခွဲမှုကျူးလွန်ဖို့ အားထုတ်ခဲ့မှုသတင်းတွေကို ဖတ်ရှုသိရှိခဲ့ရပြီး ဖြစ်ပါတယ်။

ပြီးခဲ့တဲ့လကုန်ရက်ပိုင်းမှာ ဖောက်ခွဲဖျက်ဆီးရေးသမားတချို့ကို ဂြိုဟ်တုဆက်သွယ်ရေးဖုန်းတွေ၊ TNT ယမ်းပျော့တွေ၊ ဆက်စပ်ပစ္စည်းတွေနဲ့ ဖော်ထုတ်ဖမ်းမိတယ်ဆိုတဲ့ သတင်းတွေကြားလိုက်ရပါတယ်။ ထွက်ပြေးတိမ်းရှောင်နေသူအချို့လဲရှိတယ်လို့သိရပါတယ်။ သူတို့--- ဘာကြောင့်လက်နက်ခဲယမ်းပစ္စည်းတွေနဲ့ ပြည်တွင်းကို ဝင်ရောက်လာတာလဲ။ သူတို့ --- အရင်က ဘယ်မှာ ဖောက်ခွဲဖျက်ဆီးခဲ့သလဲ။ အားလုံးသိပြီးသားအဖြေတွေပဲ ထွက်လာမှာ သေချာပါတယ်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးကို ရှေ့လ (မေလ)မှာ ကျင်းပပါတော့မယ်။ ဆန့်ကျင်ဘက် အဖျက်သမားတွေက ဆန္ဒခံယူပွဲ မကျင်းပဖြစ်အောင် နှောင့်ယှက်ဖျက်ဆီးမယ်လို့ အတိအလင်း ကြေညာထားပါတယ်။ ခုလဲ-- အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားတွေကို NLD(LA), ABSDF, KNPP စတဲ့ ပြည်ပြေးသောင်းကျန်းသူတွေက စေလွှတ်နေပါပြီ။

ဒီနေရာမှာ အကြမ်းဖက်အဖျက်သမားတွေရဲ့ လက်မရွံ့လုပ်ရပ်ကို ကြိုတင်ကာကွယ်တားဆီးနိုင်ခဲ့တဲ့ဖြစ်ရပ်တစ်ခုကို တင်ပြချင်ပါတယ်။ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၄ရက် လွတ်လပ်ရေးနေ့ည ပျော်ပွဲရွှင်ပွဲကျင်းပနေတဲ့ မဟာဗန္ဓုလပန်းခြံအတွင်းမှာ ဖောက်ခွဲဖျက်ဆီးဖို့ ကြိုးပမ်းခဲ့တဲ့အဖွဲ့ရဲ့လုပ်ရပ်ကို သက်ဆိုင်ရာက ကြိုတင်ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။ လက်လွတ်ထွက်ပြေးသွားသူတချို့လဲရှိပါတယ်။ အဲဒီအဖွဲ့ဟာ ၂၀၀၀ပြည့်နှစ် ဧပြီလ အတာရေသဘင်ပွဲတော်ကာလမှာ ဖောက်ခွဲဖျက်ဆီးဖို့ ထပ်မံဝင်ရောက်လာခဲ့ပါတယ်။ ဒါပေမယ့် သက်ဆိုင်ရာက အားလုံးကိုဖမ်းဆီးမိခဲ့ပါတယ်။ သူတို့အားလုံးဟာ ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့ဖြစ်တဲ့ PP-21 အဖွဲ့ဝင်တွေဖြစ်ကြပါတယ်။ နိုင်ငံရေးပါတီတစ်ခုနဲ့လဲ ပတ်သက်နေကြောင်း သတင်းစာရှင်းလင်းပွဲမှာ ရှင်းပြခဲ့တာပါ။

မကြာခင် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို နွှဲပျော်ကြတော့မှာပါ။ အားလုံး ဘေးရန်ကင်းကွာ ပျော်ရွှင်နိုင်ကြဖို့ အဖျက်သမား မှန်သမျှကို ဖော်ထုတ် သတင်းပေးပို့ကြပါစို့လား။ ။

သူခိုးကြီးတော့ ဓားပြ၊ ဓားပြကြီးတော့ သူပုန်လို့ အဆိုရှိပေမယ့် မြန်မာနိုင်ငံမှာကျတော့ နိုင်ငံရေးသမား အတော်များများဟာ ပြည်ပြေးသောင်းကျန်းသူဘဝ ကနေ အကြမ်းဖက်သောင်းကျန်းသူ အဖြစ်ရောက်သွားလေ့ရှိတာကို သတိပြုမိပါတယ်။

ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်သို့ ဆွမ်းဆန်တော်များ လှူဒါန်း

ရန်ကုန် ဧပြီ ၃

ပြည်မြို့ အမှတ် ၉၁ လက်သမားလမ်း (ဆန်းသစ်ဝင်း သဘော်ဆေး ရောင်းဝယ်ရေးပိုင်ရှင်) ဦးလှဝင်း-ဒေါ်လှဲ့လှဲ့ဝင်း (MWEA) မိသားစုတို့က မတ် ၃၁ရက် ၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ရက်၊ (တနင်္လာနေ့)က ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ ငွေကျပ် ငါးသိန်း သုံးသောင်းကိုးထောင်တန်ဖိုးရှိ ဆွမ်းဆန်တော် ၃၅အိတ် လှူဒါန်းပွဲကျင်းပသည်။ **(အပေါ်ပုံ)**

ဟောကြား

ယင်းလှူဒါန်းပွဲသို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာန နာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ ကြွရောက်တော်မူပြီး အလှူခံယူတော်မူကာ အနုမောဒနာတရား ဟောကြားကြောင်း သိရသည်။ **(က-ပ)**

မဟာသတိပဋ္ဌာန် တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၃

တောင်ငူမြို့ မြို့ကြီးလမ်း အမှတ် (၂၀)ဝိသုဒ္ဓါရုံသိမ်ဦး ပရိယတ္တိ စာသင်တိုက်အတွင်း၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော မဟာသတိပဋ္ဌာန် အထူးတရားစခန်းပွဲကို ဧပြီ ၁၂ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုသူ ယောဂီများသည် ဧပြီ ၁၁ရက် ညနေ ကျောင်းသို့ အရောက်လာရောက် တရားအားထုတ်နိုင်ပြီး ဖုန်း - ၀၅၄-၂၄၂၈၂ နှင့် ၀၉-၅၃-၅၀၆၁၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပညာရေး၊ကျန်းမာရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပြပွဲပြသမည်

ရန်ကုန် ဧပြီ ၃

မလေးရှားနိုင်ငံ၏ အဆင့်မြင့် ပညာရေး၊ ကျန်းမာရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာပြပွဲ (၂၀၀၈) ကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ် Ball Room (2) ၌ ဧပြီ ၄ရက် မှ ၅ရက်အထိ နေ့စဉ်နံနက် ၁၀နာရီမှ ညနေ ၆နာရီအတွင်း ခင်းကျင်း ပြသမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၄-၄-၂၀၀၈(သောကြာနေ့)
(၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ရက်) (အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြန်မာ့အနုလက်ရာထင်ရှား ကြည်ညိုဖွယ်ရာနှီးဘုရား
- ၈:၁၀ ၅။ တေးဂီတအစီအစဉ်
- ၈:၂၀ ၆။ အကပဒေသာ
- ၈:၃၀ ၇။ International News.
- ၈:၄၅ ၈။ 'သတိနှင့်ယှဉ်အသိနဲ့ပြင်' (အပိုင်း-၂) ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြည်ဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မြန်မာစာ၊ မြန်မာစကား (အပိုင်း-၂)
- ၄:၃၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၄၀ ၄။ Practice in Reading (Lesson-4)
- ၄:၅၅ ၅။ တေးဂီတအစီအစဉ်
- ၅:၁၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(သမိုင်းအထူးပြု) (သမိုင်း)
- ၅:၂၅ ၇။ တေးဂီတအစီအစဉ်
- ၅:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၄၅ ၉။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသခြေနေ
- ၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **'လေဒီယာနှင့်ဆုံစည်းခြင်း'** (အပိုင်း-၂၁)
- ၇:၅၀ ၁၄။ ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးဆရာဒကာလက်တွဲညီစွာကြိုးပမ်းဆောင်ရွက်မှု (အပိုင်း-၁)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ တေးဂီတအစီအစဉ်
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆက်တိုင်း** (အပိုင်း-၁၄)

နှစ်(၉၀)ပြည့် လယ်တီမဟာသရဏဂုံတော်ကြီး

သတင်းဆောင်းပါး-မျိုးသစ်ထွဏ်း

ရန်ကုန် ဧပြီ ၃

ဗုဒ္ဓဘာသာဝင်တို့၏ **"အခြေခံအုတ်မြစ်"** သည် ဗုဒ္ဓံသရဏံ ဂစ္ဆာမိ-အစရှိသော **"သရဏဂုံ(၃)ပါး"** ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်ဟောကြားတော်မူသော တရားတော်၏ "အမြုတေမှန် သရုပ်အနှစ်" သည် ဒုက္ခသစ္စာ အစရှိသော **"သစ္စာ(၄)ပါး"** ဖြစ်ပါသည်။ လောကီရေးရာတွင် အလုပ်အမျိုးအစား မည်မျှပင်များပြားစေကာမူ လောကုတ္တရာတွင် ဤသံသရာမှ လွတ်မြောက်ရန် လုပ်ဆောင်ရမည့် "ကေန်အလုပ်အစစ်" သည် **"သိ-ပယ်-ဆိုက်-ပွားတည်းဟူသော ကိစ္စ(၄)ပါး"** သာလျှင် ဖြစ်ပါသည်။

စနစ်မှန်စွာ

ဤကဲ့သို့ "အခြေခံအုတ်မြစ်၊ အမြုတေမှန် သရုပ်အနှစ်နှင့် ကေန်အလုပ်အစစ်" တို့ကို စနစ်မှန်စွာ စုစည်းဖော်ပြအပ်သော ကျမ်းတော်ကြီးသည် ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ **"မဟာသရဏဂုံတော်ကြီး"** ဖြစ်ပါသည်။

ဤကျမ်းတော်ကြီးတွင် ဆုတောင်းမပါ သရဏဂုံ သက်သက်ကိုသာ သစ္စာ(၄) ပါး၊ ကိစ္စ(၄)ပါးတို့ဖြင့် တွဲစပ်စီရင်လျက် အပိုင်းအား ဖြင့်(၃)ပိုင်း၊ အခန်းအားဖြင့် (၆)ခန်း၊ အပိုဒ်ပေါင်း (၁၆၈)တို့တွင် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ကို အနှစ် ဆောင်လျက် ထက်ကြပ်မကွာ ယှက်နွှယ်ပူဇော်ထားပါသော သရဏဂုံပေါင်း ၅၀၄မျှ ပါရှိလေရာ "သရဏဂုံ-၅၀၀" ဟူ၍လည်း တစ်နည်း တစ်ဝ ကမ္ပည်းသ, ကြပါသည်။

(လယ်တီ ဒီပနီဝိသောဓကမှူး၊ လယ်တီရောင်ခြည်ကွန်ပျူတာ၊ မဟာလယ်တီတိုက်၊ မုံရွာ)

၁၂၇၉ခု သီတင်းကျွတ်လပြည့်ကျော် ၈ရက်နေ့တွင် လယ်တီဆရာတော်ကြီးက တပည့်ဒါယကာ သာဝကများတို့အား "..ယခုအခါ ရေးကကြုံရွယ်ရင်းရှိသည့်အတိုင်း နယ်လှည့် တရားဟောပြောမှု ဗလိဗောဓ လုပ်ငန်းကြီးတို့ကို ရပ်ဆိုင်းပြီး မြတ်စွာဘုရား၏ ကျေးဇူးတော်ကိုဆပ်ရန် အခွင့်အရေးကျန်ရှိနေသေးသဖြင့် လူရှင် ရဟန်းတို့ ရောပြွမ်းခြင်း မရှိသော အလုံမြို့အရှေ့ ကြီးတွင်းကြီးတောရသို့သွား၍ ကျေးဇူးဆပ်လုပ်ငန်းကို တွင်ကျယ်စွာ ပြုလုပ်လိုသည်…" ဟု မိန့်ကြားခဲ့ပါသည်။ ထိုသို့ မိန့်ကြားခဲ့သည့်အတိုင်း သီတင်းကျွတ်လကွယ်နေ့တွင် မုံရွာ လယ်တီတိုက်မှ ထွက်ခွာ၍ ကြီးတွင်းကြီး တောရသို့ ညနေ ၅ နာရီ အချိန်တွင် ရောက်ရှိခဲ့ပါသည်။



လယ်တီ မဟာသရဏဂုံတော်ကြီး အောင်မြေ သမိုင်း မော်ကွန်းတင် ကမ္ပည်းကျောက်စာတိုင်။ (မြန်မာဘာသာ)

ဖြစ်ပေါ်သူသည်ကား လယ်တီဆရာတော်ကြီးသာလျှင် ဖြစ်ပါသည်။

လမ်းပြဖော်ဆောင်

ဆရာတော်ကြီးသည် ဦးစွာပထမ ဤကျမ်းတော်ကြီးကို ကိုယ်တိုင် ပူဇော်ခဲ့ပါသည်။(အများမသိရှိကြသေးပါ။)ပူဇော်သည့် အသွင်မှာလည်း မြတ်စွာဘုရားရှင်အား ဓမ္မဖြင့် ကျေးဇူးဆပ်သည့် အနေဖြင့် အရညဝါသီတောရဆောက်တည်၍ မိမိခန္ဓာကို အရင်းပြုကာ ဝီရိယကဲစွာ၊ ဖွဲ့သန်ကြံ့ခိုင်၊ စိတ်မဏ္ဍိုင်ဖြင့် အံ့မခန်း ပူဇော်တော်မူခဲ့ခြင်း ဖြစ်ပါသည်။ ထို့နောက်မှသာ နောင်လာနောက်သား ဗုဒ္ဓဘာသာဝင်များအတွက် ကလျာဏပုထုဇဉ်ဖြစ်နည်း မဟာဓမ္မ အမွေတော်ကြီးအဖြစ် လမ်းပြဆောင်ဖော်ပေးတော် မူခဲ့ခြင်းဖြစ်သည်။

ကောင်းကျိုးပွားတိုးကြမည်

လယ်တီ မဟာသရဏဂုံတော်ကြီးကို ကြည်ညိုလေးစား စိတ်ပါဝင်စားစွာ လေ့လာ၊ ချဉ်းကပ်၊ ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ကြကုန်သော သူတို့သည် လောကီ၊ လောကုတ္တရာ နှစ်ဖြာ ကောင်းကျိုး ပွားတိုးကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။

စိုက်ထူထား

လယ်တီဆရာတော်ကြီး မဟာသရဏဂုံတော်ကြီးကို ငါးလကြာ အံ့မခန်း ပူဇော်ခဲ့သောနေရာသည် မုံရွာ-အလုံကားလမ်းနံဘေးတွင် တည်ရှိပြီး ယခုအခါ "လယ်တီ မဟာသရဏဂုံတော်ကြီးအောင်မြေ" အဖြစ် အထင်ကရ တွေ့မြင်နိုင်ကြပါသည်။ ဤမြေပေါ် ဆရာတော်ကြီးပူဇော် အားထုတ်ခဲ့သောနေရာတွင် ရန်ကုန်မြို့ ကိုးထပ်ကြီးဘုရား နဝဂုဏဗုဒ္ဓမာမက-အသင်း၏ ကောင်းမှုအဖြစ်၊ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် မော်ကွန်းတင် ကမ္ပည်းကျောက်စာတိုင် ရေးထိုးစိုက်ထူထားသည်ကိုလည်း တွေ့ရသည်။

လယ်တီ မဟာသရဏဂုံတော်ကြီးပါဠိတော်နှင့် နိဿယကို မုံရွာမြို့ လယ်တီကျောက်စာတိုက်ကြီးအတွင်း အခြားသော လယ်တီဒီပနီကျမ်းများနှင့်အတူ ကျောက်ချပ်မော်ကွန်းများအဖြစ် ရေးထိုးထားသည့်အပြင် ခေတ်အဆက်ဆက် ပုံနှိပ်ထုတ်ဝေကြသော လယ်တီဒီပနီကျမ်းစာအုပ်များတွင် လည်းကောင်း၊ လုံးချင်းစာအုပ်အဖြစ်မှ အိတ်ဆောင်အရွယ်အထိ လည်းကောင်း တွေ့ရှိနိုင်၊ ပူဇော်နိုင်ကြပါသည်။

လယ်တီမဟာသရဏဂုံတော်ကြီးကို ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင်များအတွင်း ပိုမိုပျံ့နှံ့လာရေး၊ ပျောက်ကွယ်လုဆဲဆဲ လယ်တီ မဟာသရဏဂုံတော်ကြီးအောင်မြေကို ပြန်လည်ဖော်ထုတ်ရေးတို့အတွက် အဓိက လုံ့လပြုဆောင်ရွက်သောသူမှာ နဝမလယ်တီဆရာတော် အဂ္ဂမဟာပဏ္ဍိတ လယ်တီအရှင်ကေလာသ အရှင်သူမြတ် ဖြစ်ပါသည်။

နှစ်ပေါင်း ၉၀

ကောဇာသက္ကရာဇ် ၁၂၇၉ခုနှစ်တွင် စတင်ပေါ်ထွန်း မော်ကွန်းတွင်သည့် ကျမ်းတော်မြတ်ကြီး၏ သက်တမ်းတော်သည် ယခု ၁၃၆၉ခု တပေါင်းလကွယ်နေ့တွင် နှစ်ပေါင်း ၉၀ တင်းတင်း ပြည့်မြောက်ပြီ ဖြစ်ပေသည်။ သို့ပါ၍ ကျမ်းတော်ကြီး၏ သက်တမ်းတော် နှစ် ၉၀ကို နဝမ လယ်တီဆရာတော်၏ လေးချိုးကဗျာဖြင့် ပူဇော်လေးမြတ် အထိမ်းအမှတ် ပြုအပ်ပါသတည်း-

လွန်ကြီးမြတ်လှတာမို့၊ ဆည်းကပ်ကြပါစို့ မဟာသရဏဂုံ
ရွတ်ပွားထုံ အာရုံစိတ်တွေနှင့်၊ အေးရိပ်ခိုလှုံ။
စီးပွားဓာတ် လာဘ်မျိုးထုံ၊ လုံးစုံပ, ရန်ဝေး၊
မဂ်နှင့်ဖိုလ် နိဗ္ဗာန်နန်းသို့၊ မြန်းကြစို့လေး။ ။



လယ်တီမဟာသရဏဂုံတော်ကြီး အောင်မြေ သမိုင်း မော်ကွန်းတင် ကမ္ပည်းကျောက်စာတိုင်။ (အင်္ဂလိပ်ဘာသာ)

အောင်မြင်တော်မူ

နောက်တစ်နေ့ဖြစ်သော တန်ဆောင်မုန်းလဆန်း ၁ရက်(၁၅-၁၀-၁၉၁၇) နေ့ နံနက် အရုဏ်တက်ချိန်မှစ၍ ဆွမ်းဘုဉ်းပေးချိန်၊ ကျိန်းစက်ချိန်နှင့် အနည်းငယ်မျှသော နားနေမှုများမှ တစ်ပါး၊ ဗုဒ္ဓမဟာသရဏဂုံတော်ကြီး၊ ဓမ္မမဟာသရဏဂုံတော်ကြီး၊ သံဃမဟာသရဏဂုံတော်ကြီးကို တစ်နေ့နှင့်တစ်ညလျှင် အကြိမ်ပေါင်း ၁၄၄၀၀ စီ မှတ်သားလျက် အောင်မြင်သော အသံဖြင့် မာန်ပါသော လေးနက်တည်ကြည်မှုဖြင့် ရွတ်ဆို ပူဇော်တော်မူလေရာ ရက်မခြားဘဲ တစ်ဆက်တည်း ငါးလတိတိ အကြာ တပေါင်းလကွယ်နေ့(၁၁-၃-၁၉၁၈)တွင် သရဏဂုံပေါင်း-၂၁၁၆၈၀၀ (နှစ်သန်း တစ်သိန်းတစ်သောင်းခြောက်ထောင်ရှစ်ရာတိတိ)ပြီးစီးအောင်မြင်တော်မူခဲ့ပါသည်။ **(ကိုးကား-ကျေးဇူးဆပ်နည်း နိသျည်း၊ လယ်တီ-ဦးလှတင်၊ ဓမ္မ့မိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်၊၁၃၁၅ ခု)**

မဟာသရဏဂုံတော်ကြီးကို လယ်တီဆရာတော်ကြီး စီရင်ပူဇော်ခြင်းသည် အလွန်ထူးခြားလှသော အံ့ဖွယ်တစ်ရပ်ဖြစ်ခြင်းနှင့် တကွ တန်ဖိုးအနဂ္ဃ၊ ဓမ္မအမွေ ကျမ်းတော်ကြီးတစ်ဆူ ပေါ်ထွန်းလာခြင်းလည်း ဖြစ်ပါသည်။ မြတ်ဗုဒ္ဓ၏ဓမ္မရတနာကို အဆက်ဆက်သော သံဃာတော်အရှင်သူမြတ်တို့၏ ကျေးဇူးကြောင့် ယခုလူတို့ နာကြား သိရှိကြရပါ၏။ သို့သော် သရဏဂုံသုံးပါးကို သစ္စာလေးပါး၊ ကိစ္စလေးပါးတို့ဖြင့် တွဲစပ်ရန် စိတ်အကြံတော်

ဖခင်ကြီး ဦးတင်ခိုင် (ထွေ/အုပ် ညွှန်မှူး-ငြိမ်း) အား ရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာ တောင်ညွန့်မြို့နယ် ဖဆပလ ရပ်ကွက် တိုက် ၁၆ အခန်း၁၄နေ ဒေါ်နုခင်နှင့် သားသမီး တစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း တိပိဋကရေဆ ရာ တော် ကြီး ၏ တိပိဋက တိုးချဲ့ ခြောက် ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိဗ္ဗာန်ဆိပ်ဦး မဟာစည်သာသနာ့ရိပ်သာ တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း လှည်းကူးမြို့ နိဗ္ဗာန်ဆိပ်ဦး မဟာစည်သာသနာ့ရိပ်သာ၌ သတိပဋ္ဌာန် ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၁၂ ရက်မှ ၁၈ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။တရားစခန်းဝင်လိုသူများသည် ဧပြီ ၁၁ ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ လာရောက်ကြရန်ဖြစ်ပြီး လှူဒါန်းလိုပါက အရုဏ်ဆွမ်းအတွက်ငွေကျပ် ၄၀၀၀၀ နှင့် နေ့ဆွမ်းအတွက် ငွေကျပ် ၆၀၀၀၀ တို့ဖြစ်ကာ ဖုန်း-၆၂၉၄၇၀သို့ ဆက်သွယ်နိုင်သည်။ (က-ပ)

လှိုင်ကော်မြို့ အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို မတ် ၃၀ ရက် နံနက် ၈နာရီက လှိုင်ကော်မြို့ မြို့နာမ်စေတီ ဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းအောင်နှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ဝင်းမြင့်တို့က အထူးဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးသည်။ ဆက်လက်၍ ကယားပြည်နယ် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ညွန့်တင်က အထူးဈေးရောင်းပွဲတော် မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို မတ် ၃၀ ရက်မှ ဧပြီ ၅ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ည ၈နာရီအတွင်း ရောင်းချမည်ဖြစ်သည်။ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (က-ပ)

လေးမျက်နှာ အထကနှင့် အလက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဧပြီ ၃

ဧရာဝတီတိုင်း လေးမျက်နှာမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းတို့၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို လေးမျက်နှာ အထကခန်းမ၌ ဧပြီ ၂၀ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်နီး ရပ်ဝေးမှ ကန်တော့ခံဆရာကြီး ဆရာမကြီးများသည် ဧပြီ ၂၉ရက် အရောက် ကြွရောက်ကြပါရန် သက်ဆိုင်ရာက ပန်ကြားနှိုးဆော်ထားကြောင်းနှင့် ပါဝင်လှူဒါန်းလိုသော တပည့်ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးမြင့်ဝေ ဖုန်း-၀၁-၆၈၉၅၇၅၊ ဦးသိန်းဝင်း (အဝေရာ) ပုသိမ်မြို့ ဖုန်း-၀၉-၅၂-၀၀၄၅၀၊ ဦးထွန်းအောင်(ဟင်္သာတ) ဖုန်း-၀၄၄-၂၁၄၈၀၊ ဦးခွန်မောင်သောင်း(ပင်လောင်း) ဖုန်း-၀၈၁-၅၀၄၄၁၊ ဦးတင်ဝင်း၊ ဦးကြိုင်ဝင်း လေးမျက်နှာမြို့ ဖုန်း-၀၄၄-၂၂၂၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကလေးမြို့နယ်တွင် သဘာဝပျားမွေးမြူရေးလုပ်ငန်း အောင်မြင် ပျားမွေးမြူခြင်းဖြင့် လယ်ယာသီးနှံမျိုးစုံ အကျိုးဖြစ်ထွန်း

သတင်းမှတ်စု - သတင်းထောက်ဘဟန်(ကလေး)

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ်တွင်ကလေးမြို့ မြောက်ဘက်ခြမ်း ခြောက်မိုင်ခန့်ကွာဝေးသည့် ကလေး-တမူး ဟိုင်းဝေး လမ်းဘေးရှိ နေယဉ်စရာချောင်း၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း မိုးစပါးပြီး ဆီထွက်သီးနှံ နေကြာစိုက်ခင်းများထဲ၌ ကလေးမြို့နေယဉ်စရာချောင်းအနီးရှိ ပျားမွေးမြူရေးဦးစီးဌာနမှ နိုင်ငံတော်အစိုးရအတွက်လည်း အကျိုးရှိ မိမိတို့ ကျေးလက်ပြည်သူများလည်း ဝင်ငွေရရှိရေးအတွက် လည်းကောင်း၊ လယ်ယာလုပ်ငန်း သီးနှံမျိုးစုံဖွံ့ဖြိုးရေးအတွက် လည်းကောင်း အကျိုးဖြစ်ထွန်းစေမည့် သဘာဝအလျောက် ဝင်ငွေကောင်းမည့် ပျားမွေးမြူရေးလုပ်ငန်း ကို စံပြအဖြစ် အဆိုပါ နေကြာစိုက်ခင်းများထဲ၌ ပျားမွေးမြူရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ် ဆောင်ရွက်မှုဖြင့် ပျားအုံပုံသဏ္ဌာန် သစ်သားများဖြင့် တီထွင်ကြံဆလျက်(The boxes for bees) ပျားအုံသေတ္တာငယ်များ တည်ဆောက်ကာ ပျားရည်အမြောက်အမြား ရရှိအောင် ပျားအုံတစ်အုံလျှင်လုပ်သားပျားများ (Working bees) ပျားထီးများ၊ ပျားဘုရင်မတစ်ကောင် (A Queen of bees) စုစည်းတည်ထောင်ပျားမွေးမြူကြရာတွင် အံ့မခန်းအောင် အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ဖြစ်ထွန်းအောင်မြင်

အဆိုပါ နိုင်ငံတော်အစိုးရ ပျားမွေးမြူရေးဌာနမှ ဒေသခံတောင်သူလယ်သမားကြီးများအကျိုးရှိပြီး လယ်ယာလုပ်ငန်းသီးနှံမျိုးစုံလည်း အကျိုးဖြစ်ထွန်းစေမည့် ပျားမွေးမြူရေးလုပ်ငန်းကို တစိုက်မတ်မတ် ဆောင်ရွက်လုပ်ကိုင်လျက်ရှိရာ အများအားဖြင့် ပျားမွေးမြူရေးလုပ်ငန်း၌ အထူးစိတ်ဝင်စားကြသည့် ကျေးလက် ပြည်သူများမှာလည်း ဤကဲ့သို့ ပျားမွေးမြူရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် နေ့မအား၊ ညမအား ပျားမွေးမြူကြရာ၌ အထူးဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ သဘာဝအလျောက် ဝင်ငွေကောင်းသည့် ပျားမွေးမြူကြရာ၌ ပျားအုံတစ်အုံတွင် ပျားဘုရင်မက ဦးဆောင်ကြီးကြပ်မှုဖြင့် လုပ်သားပျားများ အပါအဝင် ပျားကောင်ရေ ၆၀၀၀ မှ ၁၀၀၀၀ ကျော်ခန့်ရှိရာတွင် လုပ်သားပျားများမှာ နေ့စဉ်နေ့တိုင်း နေကြာစိုက်ခင်းများထဲမှ ပန်းဝတ်ရည်များစုပ်ယူကာ မိမိတို့၏ ပျားအုံအတွင်းသို့ ပျားရည်သယ်ဆောင်ကြသည်။ ပျားဘုရင်မ၏ အလုပ်ကတော့ လုပ်သားပျားငယ်များအား အုပ်ချုပ်ကြီးကြပ် ဆောင်ရွက်ရသည်။

စည်းရုံး

ပျားအုံတစ်အုံတွင် ပျားများပေါက်ဖွားရာ၌ ပျားဘုရင်မများပေါ်ထွက်လာပြီး မိမိတို့ပျားအုံထဲမှ လုပ်သားပျားများ၊ ပျားထီးများ စုဆောင်းလျက် ပျားကောင်ရေ ၆၀၀၀ ခန့် စည်းရုံး၍ ပျားဘုရင်မက ဦးဆောင်ပြီး တခြားပျားအုံတစ်အုံ တည်ထောင်ကာ ရွှေ့ပြောင်း၍ ခွဲနေကြသည်ဆိုသည်။ ဤကဲ့သို့ ပျားအုံတစ်အုံ၌ ပျားငယ်များ ပေါက်ဖွားလာသောအခါတွင် ပျားဘုရင်မပုံသဏ္ဌာန်မှာ သာမန်ရိုးရိုးပျားများထက် ကိုယ်လုံးကိုယ်ပေါက် ကြီးထွားနေသည်ဟု ဆိုသည်။ တချို့ပျားအုံများမှာလည်း ပျားဘုရင်မ အငယ်များ ၄-၅ ကောင်ခန့် ပေါက်ဖွားလာရာ၌ လက်ရှိပျားအုံကြီးကြပ်ကွပ်ကဲသည့် ပျားဘုရင်မက သူမနေရာတွင် ဖိုလ်လုအုပ်ချုပ်မည်ဟု ထင်မြင်ယူစ၍ နောက်ပေါက်ဖွားလာသည့် ပျားဘုရင်မငယ်များကို ရန်လိုမုန်းတီးကာ အကြောင်းပြု၍ သုတ်သင်ရှင်းလင်း ကြသည်ဟု ဆိုသည်။

ဈေးကောင်းနေ

ထိုသို့အားဖြင့် ပျားမွေးမြူရေးလုပ်ငန်းတို့ကို ဒေသခံ ကျေးလက်ပြည်သူအများစုတို့က မိမိတို့ကျေးရွာအသီးသီး၌ ပျားမွေးမြူရေး လုပ်ငန်းကို စိတ်ဝင်စားကြပြီး ပျားရည်တစ်ပိဿာလျှင် ကျပ် ၅၀၀၀ မှ ကျပ် ၆၀၀၀အထိ ဈေးကောင်းနေခြင်းကြောင့် ပျားမွေးမြူရေးလုပ်ငန်းကို ဒေသခံကျေးလက်ပြည်သူများ တစိုက်မတ်မတ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ဤပျားမွေးမြူရေး သတင်းဆောင်းပါးကို ဗဟုသုတသတင်းမှတ်စုအဖြစ် ရေးသားလိုက်ရပါသည်။ ။

လားရှိုးမြို့ သာသနာ ၂၅၀၀ပြည်လုံးချမ်းသာစေတီတော် ရွှေထီးတော်တင်မဟာမင်္ဂလာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်ကြည်ညို

နေပြည်တော် ဧပြီ ၃

လားရှိုးမြို့ သာသနာ ၂၅၀၀ ပြည်လုံးချမ်းသာစေတီတော် ရွှေထီးတော်တင် မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်၊ ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် အောင်ဇေယျသိဒ္ဓိဓမ္မာရုံ ရေစက်ချမဟာမင်္ဂလာ အခမ်းအနားကို မတ် ၂၆ ရက် နံနက်ပိုင်းက အဆိုပါစေတီတော်ပရိဝုဏ်၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ နိုင်ငံတော် သြဝါဒါစရိယ လားရှိုးမြို့ ကန်မိန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီး အမှူးပြုသော အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံဆင့်များ၊ အောင်ဇေယျ သိဒ္ဓိဓမ္မာရုံတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး ပြည်နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ လားရှိုးမြို့ မန်ဆူ ဘုရားကြီးကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညထံမှ အနုမောဒနာတရားနာကြားကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပင့်ဆောင်တင်လှူ

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေဟင်္သာနှင့် ရွှေထီးတော်ဘုံအဆင့်များကို ပင့်ဆောင်၍ ထီးတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး မင်္ဂလာအချိန် နံနက် ၈နာရီ ၁၀ မိနစ်တွင် တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်များကို မြလေယာဉ်မင်္ဂလာရထားပုံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးတို့က စိန်ဖူးတော်ကို ရေစင်ရေသန့် အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြပြီး ဆရာတော်၊ သံဃာတော်များက ဇယန္တော ဗောဓိယာမူလေ ဂါထာကို သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ဗုဒ္ဓါဘိသေကအနေကဇာတင်

ထို့နောက် မုခ်အသီးသီးရှိ မုဒြာရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းကပ်လှူခြင်းနှင့် ဆွမ်း၊ သစ်သီးဝလံနှင့် ပန်းမန်များ ကပ်လှူပူဇော်ကြပြီး ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။ **(သတင်းစဉ်)**

မဟာစန္ဒာရုံ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ သိမ်ကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရပ် အမှတ်(၃)လမ်းဆုံ နွယ်ခွေလမ်းနှင့် အမှတ်(၃)လမ်းမကြီးကြားရှိ မဟာစန္ဒာရုံမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် သိမ်ကျောင်းတော်အတွက် လှိုင်မြို့နယ် အမှတ်(၂၇)အေးရိပ်မွန်လမ်းမကြီး (၃)ရပ်ကွက်နေ ဦးသိန်းဝေ-ဒေါ်ခင်လှကြည်၊ သမီး မခိုင်သဉ္ဇာဝေ၊ သား မောင်အောင်ဝေမင်းသန်း၊ သမီး မထက်ထက်အောင်၊ မမေမီမီဖူး မိသားစုက မတ် ၁၇ရက်တွင် အလှူငွေကျပ် ကိုးသိန်းကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ (ကမ္မဋ္ဌာနာစရိယ) ရှေ့မှောက်၌ ရေစက်ချ အနုမောဒနာတရားနာယူပြီး လှူဒါန်းကြသည်။ **(အပေါ်ပုံ)**အထက်ပါ ရိပ်သာ၌ သိမ်ကျောင်းဓမ္မာရုံ၊ ယောဂီဆောင်နှင့် မဟာရုံအုတ်တံတိုင်းအတွက် လှူဒါန်းလိုသူများသည် ဆရာတော် ဖုန်း-၀၉-၅၁-၂၅၄၅၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျောက်ကိုးပွင့် အင်ကြင်းမြိုင်တောရရိပ်သာ ရေသွယ်လှူဒါန်းမှုအောင်ပွဲ

ရန်ကုန် ဧပြီ ၃

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ် သဗ္ဗရာဇသုခစေတီ တော် ဝိဇ္ဇာဓာတ်ပေါင်းစု လိုဏ်ဂူကျောက်ကိုးပွင့် အင်ကြင်းမြိုင်တောရရိပ်သာ တရားစခန်းအတွက် လိုအပ်လျက်ရှိသော ရေသွယ်ယူလှူဒါန်းမှုအစုစုတို့ကို ဦးမင်းလှအောင်-ဒေါ်ကြူကြူမာ (နဂါးညီနောင် သင်္ကန်းတိုက် ကုန်ဈေးတန်းလမ်း ရန်ကုန်မြို့)က မတည်ဦးစီး၍ ဓမ္မမိတ်ဆွေများက စုပေါင်းလှူဒါန်းပြီးဖြစ်၍ ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ယင်းတရားစခန်း၌ ရေစက်ချအလှူမင်္ဂလာပွဲ ကျင်းပသွားမည် ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ အလှူရှင်များအား ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဂျူဒိုနည်းပြ သင်တန်း(၁/၂၀၀၈)ဆင်းပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (ဂျူဒိုအဖွဲ့ချုပ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်း တော် ကြီး ဖြစ် မြောက် ရေး ကော်မတီ ရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် အမှတ်(၃၀၁) တပင်ရွှေထီးကွန်ဒို၊ လှိုင်သာယာစက်မှုဇုန် နေ (၁၀)မိုင်ကုန်း မုံလယ်တောရ ကျောင်းအ တွင်း ရေး မှူး ဦးပြေငြိမ်းအား အမှူးထား၍ ဒေါ်ကြည်ကြည်ဝင်း မိသားစုက အက်ဖ်အီးစီ ၂၀၀ ကို အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဂျူဒိုနည်းပြသင်တန်းဆင်းပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ် ၃၁ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့သုဝဏ္ဏရှိ Goal Hotel ၌ ကျင်းပသော ၂၀၀၈ခုနှစ် ဂျူဒိုနည်းပြ သင်တန်း(၁/၂၀၀၈)ဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးအေးကြည်နှင့် ဦးညိုမင်း၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းလက်မှတ်ပေး

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသား သင်တန်းသူ ၄၅ဦး ကိုယ်စား ဒုတိယအရာခံဗိုလ် မောင်မောင်စန်းက လက်ခံကာ ဝန်ကြီးကသင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

ရန်ကုန် ဧပြီ ၃

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)၏ (၃၅)ကြိမ်မြောက် အသက် ၇၅နှစ်အထက် မွန်အဘိုးအဘွားများအား ရိုးရာစဉ်လာမအပျက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို လာမည့် ၁၃၇၀ပြည့်နှစ် တန်ခူးလဆန်း ၁၂ရက် (နှစ်ဆန်း ၁ရက်)ဧပြီ ၁၇ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် အမှတ် ၁၅၉၊ ရွှေတိဂုံဘုရား လမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ သက်ကြီးပူဇော်ပွဲ အခမ်းအနားမကျင်းပမီ နံနက် ၇ နာရီမှစ၍ မွန်ရိုးရာသင်္ကြန်ထမင်းနှင့် မွန်ရိုးရာအကများဖြင့် ဧည့်ခံဖျော်ဖြေပြီး ၂၀၀၇ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော မွန်ကျောင်းသား၊ ကျောင်းသူများနှင့် မွန်စာပေသင်တန်း၌ ဆုရရှိသော မွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်မည်ဖြစ်ပါ၍ နိုင်ကျော်လင်း မွန်ဓမ္မာရုံ ဖုန်း-၃၇၅၅၆၀ သို့ ဧပြီ ၈ရက် မတိုင်မီ စာရင်းပေးသွင်းနိုင်သည်။ (က-ပ)

ဓမ္မပူဇာ ပူဇော်မည်

ရန်ကုန် ဧပြီ ၃

၁၃၆၉ ခုနှစ် တပေါင်းလကွယ်နေ့ ဧပြီ ၅ရက် ညနေတွင် မြတ်လယ်တီမဟာသရဏဂုံတော်ကြီး တည်တံ့ပြန့်ပွားရေးအဖွဲ့သူများသည် မဟာသရဏဂုံတော်ကြီးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်တွင် ညလုံးပေါက် လျှပ်စစ်အလင်းရောင် ပူဇော်ခြင်း၊ အလင်းရောင်တိုင်များ ထွန်းညှိလှူဒါန်းပူဇော်ခြင်းနှင့်အတူ လယ်တီမဟာသရဏဂုံတော်ကြီး ဓမ္မပူဇာပူဇော်ကြမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရတနာဉာဏ်ရောင်ရိပ်သာ သင်္ကြန်၁၀ရက်တရားစခန်း

ရန်ကုန် ဧပြီ ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် ရတနာဉာဏ်ရောင် ဓမ္မရိပ်သာ ကျောင်းတိုက် အမေရိကန်နိုင်ငံ Daly City မြို့ ရတနာဉာဏ်ရောင် ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ တေဇဝန္တ (ကမ္မဋ္ဌာနာစရိယ)၏သြဝါဒါကို ခံယူကာ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန် ၁၀ ရက် တရားစခန်းပွဲကို တန်ခူးလဆန်း ၃ ရက်မှ နှစ်ဆန်းတစ်ရက် အထိ (ဧပြီ ၈ ရက်မှ ၁၇ ရက်)အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများနှင့် ဒုလ္လဘရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်လိုသူများ၊ အရုဏ်ဆွမ်း၊နေ့ဆွမ်း၊ အချိုပွဲနှင့် အအေးဆက်ကပ်လိုသူများ ရိပ်သာဖုန်း-၅၄၃၃၅၅ သို့ ဆက်သွယ် စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မျိုးဆက်သစ် လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ (9th MGC Junior Golf Open Championship-2008) ကို ဧပြီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ရန်ကုန်မြို့ ကိုးမိုင်ရှိ မြန်မာ ဂေါက်သီးရိုက် အသင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

ဆုတိုက်ထိုက်တန်တန်ချီးမြှင့်မည်

9th MGC Junior Golf Open Championship-2008 ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ အသက် ၁၀-၁၂နှစ်၊ အသက် ၁၃-၁၅နှစ်၊ အသက် ၁၆-၂၀နှစ်၊ အမျိုးသမီးပြိုင်ပွဲ၌ အသက် ၁၀-



၁၈နှစ် ဟူ၍ လေးတန်းခွဲခြား၍ ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲများ၌ ဆုများကို သက်တမ်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ကူညီပံ့ပိုးမည်

ယင်းပြိုင်ပွဲများ၏ ဆုများကို မြန်မာ ဂေါက်သီးရိုက်အသင်းနှင့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် တစ်ဦးချင်းအလှူရှင်များက ကူညီပံ့ပိုးကြမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ဧပြီ ၂၃ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ မြန်မာ ဂေါက်သီးရိုက်အသင်းသို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်ပြီး လူဦးရေ အကန့်အသတ်ရှိမည် ဖြစ်သဖြင့် ကြိုတင်စာရင်း ပေးသွင်းရမည်ဖြစ်သည်။ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မြန်မာဂေါက်သီးရိုက် အသင်း ဖုန်း-၆၆၁၇၀၂နှင့် ၆၆၅၅၃၁ တို့သို့ ဆက်သွယ်နိုင်သည်။**(သတင်းစဉ်)**



ကျေးဇူးရှင် မိခင်ကြီးဒေါ်တာ၏ (၉)နှစ်ပြည့်အလှူအဖြစ် ခင်ပွန်း ဦးအောင်ကြည် (အောင်သပြေနှင့်ဒရင်းလိုက်) မိသားစုက ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းသို့ အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းစဉ်။ (၁၇၀)

ဖျာပုံမြို့နယ် ဒေါ်ညိမ်းကျေးရွာအဝင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်

ဖျာပုံ ဧပြီ ၁

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဒေါ်ညိမ်းကျေးရွာအဝင်လမ်း ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက် နံနက်၉နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** (၁၃၇)

သီပေါမြို့၌ သာသနာရေးဆိုင်ရာဘွဲ့ရသူများ ဂုဏ်ပြုပူဇော်

သီပေါ မတ် ၂၅

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်က ချီးမြှင့်သည့် သာသနတက္ကသီလ ဓမ္မာစရိယနှင့် သာသနဓဇ ဓမ္မာစရိယဘွဲ့ရ အရှင်သူမြတ်သုံးပါးတို့အား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို မတ်၁၄ရက်က အဆိုပါကျောင်းတိုက်ခန်းမ၌ ကျင်းပသည်။(အပေါ်ပုံ)

ဖွင့်လှစ်

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ချီးမြှင့်တော်မူပြီး ရန်ကုန်မြို့ လေးကျွန်းစကြာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသက ဩဝါဒကထာ မိန့်ကြားတော်မူသည်။

ဖတ်ကြား

ဆက်လက်၍ တက္ကသီလ ဓမ္မာစရိယဘွဲ့ရ အရှင်ပဏ္ဍိစ္စ၊ အရှင်ဉာဏိန္ဒနှင့် သာသနဓဇဓမ္မာစရိယဘွဲ့ရ အရှင်ဝဏ္ဏသာမိတို့၏ ထေရုပ္ပတ္တိအကျဉ်းကို သီပေါမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမောင်လတ် (သီပေါကိုလတ်)နှင့် အကျိုးဆောင်ဦးစိုင်းကျော်မင်းထွန်းတို့က ဖတ်ကြားပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်စိုးနှင့် သီပေါမြို့နယ် ဥက္ကဋ္ဌ ဦးခင်ကြည်တို့က သာသနာရေးဆိုင်ရာကိစ္စများကိုလျှောက်ထားတင်ပြကြသည်။

အမျှပေးဝေ

ထို့နောက် ဘွဲ့ရအရှင်သူမြတ် တစ်ပါးလျှင် နဝကမ္မ အလှူငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ် ၆၆၀၀၀၀ တန် ကွန်ပျူတာတစ်လုံးစီကို နယ်မြေခံတပ်နယ်မှဗိုလ်မှူးကြီးကျော်စိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းပြီး မြို့နယ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏောဘာသ ဦးဆောင်၍ ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(စာပေနှင့်စာနယ်ဇင်း)**

မုဒုံမြို့၌ ရေဆိုးမြောင်းများ တူးဖော်ဆောင်ရွက်

မုဒုံ မတ် ၂၄

မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ကဝန်ထမ်းများ မော်သံလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေဆိုးထုတ်မြောင်းများ တူးဖော်ဆောင်ရွက်မှု အခြေအနေကို မတ် ၂၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ်သတင်းများ

ပခုက္ကူမြို့သီရိလမ်းကတ္တရာလမ်းသစ်ဖွင့်

ပခုက္ကူ မတ် ၂၇

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့ အမှတ်(၄) ရပ်ကွက် သီရိလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၁၉ရက် နံနက်ပိုင်းက ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးကြီးထွန်းစိန်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်၊ ခရိုင်အဖွဲ့ဝင်(၁) ဒုတိယရဲမှူးကြီးထွန်းစိန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမြို့နယ်အလုပ်အမှုဆောင် ဦးရဲထွန်းလှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**(ဝဲပုံ)**

ဆောင်ရွက်

အဆိုပါကတ္တရာလမ်းမှာ အရှည် ပေ ၆၄၀၊ အကျယ် ၁၂ ပေရှိပြီး ၂၀၀၇- ၂၀၀၈ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေကျပ် ၄၃၄၄၅၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကောလင်း၌ ရေပြွန်တံတားဖွင့်

ကောလင်း မတ် ၂၀

ကောလင်းမြို့ ကောလင်း-တောင်မော်ကားလမ်း ဒုံဒုတ်ပြိုင် ရေပြွန်တံတားဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက တောင်မော်ရိပ်သာကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်တို့က တံတားတည်ဆောက်ရေးဆိုင်ရာများကို ပြောကြားကြပြီး တံတားတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ ဘဏ္ဍာရေးမှူး ဦးနေဝင်းတို့က တံတားကုန်ကျစရိတ်များကို ရှင်းလင်းပြောကြားကြသည်။ (ဝ၃၂)

မန္တလေး ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(က) ဆေး ကျောင်း သားများ အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အုတ်တွင်း ဈေး ကြီး အ တွင်း ယင် လုံ သံဆန်ခါဖြင့် သား ငါးများ ဖုံးအုပ်ရောင်းချမှုကို ကွင်းဆင်း လေ့လာကြရာ ခေတ္တအမှုဆောင် အရာရှိ ဦး အောင် လေး က ရှင်းလင်းပြသစဉ်။
(၃၁၆)

ကျေးလက်ကျန်းမာရေး ဆေးခန်းသစ်ဖွင့်

မင်းကင်း မတ် ၁၂

စစ်ကိုင်းတိုင်း ကလေးခရိုင် မင်းကင်းမြို့နယ် ပျဉ်းကိုင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံ၌ ကျင်းပရာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆိုင်းဘုတ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်းနှင့်ကျန်းမာရေးမှူး ဦးသောင်းဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒိုက်ဦးမြို့(၆) ရပ်ကွက် ၇ လမ်း ကတ္တရာလမ်းသစ်ဖွင့်

ဒိုက်ဦး မတ် ၃၀

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အမှတ် (၆) ရပ်ကွက် ၇ လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက် နံနက် ၈နာရီကကျင်းပရာ ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဦးလေးက ယင်းလမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ် (၆) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး အမှုဆောင်အရာရှိ ဦးတင်ဦးလေးက မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများကို လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အမှုဆောင်အရာရှိ ဦးတင်ဦးလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။
(အပေါ်ပုံ) **(က-ပ)**

ကလေးမြို့၌ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး သုတရသစာအုပ်မျိုးစုံနှင့် အလှူငွေပေးအပ်လှူဒါန်း

ကလေး မတ် ၂၈

ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက်သို့ ငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက် နံနက် ၈နာရီက ကလေးမြို့နယ် ဟံသာကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုက စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် ဟောပြောပြီး ဟံသာကျေးရွာ မြတ်အရဏ်ဦး စာကြည့်တိုက် အတွက် အလှူရှင် ၁၆ ဦးက ငွေကျပ် ၃၇၅၀၀ တန် သုတ၊ ရသ စာအုပ်မျိုးစုံ ၄၅ အုပ်နှင့် ငွေကျပ် ၉၁၅၀၀၊ ကျေးရွာပြည်သူများက စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်ရန် အလှူငွေကျပ် ၂၅၅၀၀၀ လှူဒါန်းကြပြီး စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးချစ်ရွှေက လက်ခံရယူကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရောင်တော်ပြန်ဘုရား ဘက်စုံပြုပြင်လှူဒါန်းမှုအောင်ပွဲ ဓမ္မသဘင်

ညောင်လေးပင် မတ် ၃၀

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာရှိ ရှေးဟောင်း ရောင်တော်ပြန်ဘုရားကြီး ဘက်စုံပြုပြင် လှူဒါန်းမှုများကို တိုင်း၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာပြည်သူများက သံဃနာယကဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် ရောင်တော်ပြန်ဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ကောက်ကွေ့ ရွာဦးစေတီ၊ တောက်တာကုန်းစေတီ၊ မအူတန်းစေတီ၊ ခေါင်းတောစေတီ၊ မြို့ရိုးကုန်းစေတီ၊ ထွက်နီကုန်းစေတီ၊ အင်ကုန်းစေတီ၊ စမ်းကလေးစေတီတော်များကို လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူ ခြင်း၊ရောင်တော်ပြန် ဘုရားကြီးရင်ပြင် ကွန်ကရစ်ခင်းလှူခြင်း၊ ရှေးဟောင်း သိမ်တော်ကြီးအား အသစ်တစ်ဖန်ပြုပြင်၍ ရွှေသိမ်တော်အဖြစ် လှူဒါန်းခြင်း၊ လွတ်လပ်ရေး စေတီတော်ကို ပြန်လည်တည်ထားခြင်း စသည့်ကုသိုလ်အစုစုတို့ကို ရန်ကုန်မြို့ ဓမ္မဇျုဟာစာစောင်ပိုင်ရှင် (ဦးမြသောင်း-ဒေါ်သူဇာမြင့်)၊ သားသမီးများနှင့် ညောင်လေးပင်မြို့နေ ဦးမောင်မောင်လေး-ဒေါ်တင်နွဲ့(သား) ဦးဝင်းကိုကို၊ ဦးသန့်ဇင်ထွန်း၊ မိသားစုများက မတည်လှူဒါန်း၍ ကျေးရွာတွင်းရှိ ရွာမိရွာဖများနှင့် နယ်သူနယ်သားအပေါင်းတို့၏ စုပေါင်းကုသိုလ်အောင်ပွဲအနေဖြင့် တောင်ငူမြို့ ရတနာဂုဏ်မြင့်ကျောင်း၊ ရွှေလင်းယုန် ဆရာတော် ဘဒ္ဒန္တအရဝိန္တာဘိဝံသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ကိုယ်တော်တိုင် ဧပြီ ၇ ရက် နံနက် ၉ နာရီတွင် ထီးတော်အသစ် ပြန်လည်တင်လှူ၍ အထူးတရားဓမ္မသဘင်ကို ဧပြီ ၆ ရက်နှင့် ၇ ရက်တို့တွင် ရောင်တော်ပြန်ဘုရားကြီးပရိဝုဏ်၌ ဓမ္မဒါနသဘင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကြေးပိဋကတ်တော်ပြုလုပ်ရန်ကြေးပြား လှူဒါန်း

ရန်ကုန် ဧပြီ ၃

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင်ပဋ္ဌာနပါဠိတော် ကျမ်း(ပ-တွဲ) အတွက် ဗဟန်းမင်္ဂလာတိုက်ကျောင်း ဆရာတော်ဘဒ္ဒန္တဉာဏ (အစိုးရ ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့ ကုန်ဈေးတန်းလမ်း အမှတ် (၁၃၂)နေ ဖခင်ဦးတင်ဦး-မိခင်ဒေါ်ခင်ခင်ဌေးတို့အား ရည်စူး၍ သမီး မဆွေဆွေဦး၊ မသန္တာဦး၊ ကျောက်မြောင်း သမ္မာဒိဋ္ဌိလမ်း အမှတ် (၅၈)နေ မိဘများအား ရည်စူး၍ ဦးညွန့်ဝေ-ဒေါ်ခင်ထားရီ အရှေ့ရန်ကင်း အခန်း-၁၅ တိုက် (၂၁၃)နေ မိခင်ဒေါ်ခင်မြင့်၊ ဦးအောင်ဆွေ၊ဒေါက်တာဒေါ်ခိုင်ချိုမြင့်၊ညီမ ဒေါက်တာခင်မလေး၊သားကောင်းမြတ်ခိုင်၊ ပန်းဘဲတန်းကုန်သည်လမ်း အမှတ်(၇၀၄)နေ ဦးခင်ဇော်-ဒေါ်နီနီတင်အုန်း၊ သမီးမယမင်းဥမ္မာ၊ သား မောင်မင်းသိန်းကျော်၊ ၁၆၄ လမ်း အမှတ် (၂၉)ပထပ်နေ ဖခင်ကြီး ဦးစံထူးအား ရည်စူး၍ ဇနီးဒေါ်တင်ဥ၊ သားမောင် ဇော်မင်း-ဒေါ်နုယမင်းခင်၊ ဖခင်ကြီး ဦးမောင်မောင်အေးအား ရည်စူး၍ ဇနီး ဒေါ်နုနု၊ သားမောင်ဇော်မင်း-ဒေါ်နုယမင်းခင်၊ ဦးစိန်ထွန်း၊ ဦးချစ်ဖွယ်၊ ဦးထွန်းလင်း၊ ဒေါ်အုန်းနု တို့အားရည်စူး၍ မောင်ဇော်မင်း-ဒေါ်နုယမင်းခင်၊ ဒေါ်ယဉ်ယဉ်အောင်၊ ဒေါ်နုယမင်းခင်၊ ဒေါ်နီနီဝင်း၊ တာမွေ နတ်ချောင်း ၂ လမ်း အမှတ်(၁)နေ ဖခင်ကြီးဦးခင်မောင်သန်း (ခ)ဦးကာဌေးအားရည်စူး၍ ဇနီးဒေါ်ကျင်မှို၊ သားမောင်ကျော်လင်းထွန်း၊ သမီးမရွှေဝတ်မှုံ၊မြောက်ဥက္ကလာပနေ ဦးအောင်မြတ်ကို-ဒေါ်နီနီဝင်း၊ သားမောင်အောင်ခန့်ကို၊ ကန်တော်ကလေး၊ မြန်မာ့ဂုဏ်ရည်လမ်းနေ ဦးထွန်းရီအား ရည်စူး၍ ဇနီးဒေါ်လှမြင့် ဗိုလ်ကြီးသောင်းနိုင်စိုးနှင့် ဝန်ထမ်းများ (တိုင်းစာတိုက်ငွေစာရင်း၊ ရန်ကုန်တိုင်း)၊ ၃၉ လမ်း၊ ဒုထပ်၊အမှတ် (၂၅၃)နေ ဦးကျော် ညွန့်-ဒေါ်ခင်သိန်း၊ သားသမီး မြေးမြစ်တစ်စု၊ ဒေါ်မြင့်မြင့်စိန်နှင့် ဒေါ်နှင်းဆီ အား အမှူးထား၍ ဒေါ်နှင်းစော၊ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း၊ သီရိမင်္ဂလာရိပ်သာနေ ဒေါ်တင်တင်လှ၊ ဗဟန်းစက်မှု ၁လမ်းနေ သူရဦးရဲလွင်-ဒေါ်သောင်းရီတို့အား ရည်စူး၍ သမီးဒေါ်ကြူကြူလွင်နှင့် မောင်နှမတစ်စု၊ ဒဂုံရဲစခန်းဝင်းနေ ဦးဝင်းနိုင်-ဒေါ်အောင်မြကြွယ်၊ သား မောင်ဝင်းထွဋ်အောင်၊ အလုံမြို့နယ် သစ်တောလမ်း အမှတ်(၁၁၁/ဘီ)နေဒေါက်တာဒေါ်သန်းတိုးနှင့် စာရင်းအင်းပညာဌာန၊ သန်လျင် ပဲခူးစု မဂ္ဂင်လမ်း အမှတ် (၇၁)နေ မိခင်ကြီး ဒေါ်သန်းနုနှင့် ဦးတင်ဌေး-ဒေါ်လှမြင့် မိသားစုတို့က ကြေးပြားတစ်ချပ်စီ လာရောက် လှူဒါန်းကြသည်။ (က-ပ)

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အရိပ်ရပင်များ ပျိုးထောင်ခြင်းကို စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိရာ မတ်၁၄ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင် ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများကစက္ကူပန်း၊နွယ်သာကီနှင့် နေကြာပင်များ စုပေါင်းပျိုးထောင်စဉ်။ (မြို့နယ်စည်ပင်)

အကြိမ် ၅၀ မြောက် သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၁၆ ရပ်ကွက် မိုးညှင်းသိင်္ဂီကျောင်းတိုက်၌ သီတင်းသုံးနေထိုင်လျက်ရှိသော အရှင်ခေမာစာရ **(အပေါ်ပုံ)** သည် မတ် ၂၄ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်တွင် အကြိမ် (၅၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (က-ပ)

မြစ်သာမြို့၌ စိမ့်စမ်းရေသွယ်ယူခြင်း ရေပေးရေးဖွင့်

မြစ်သာ ဧပြီ ၁

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြစ်သာမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့သော ထုံးဖျောငယ်ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်း ရေပေးရေးဖွင့်ပွဲကို မတ် ၂၆ ရက်က ကျင်းပသည်။

ဖွင့်လှစ်

စိမ့်စမ်းရေသွယ်ယူခြင်း ရေပေးရေး အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေနှင့် မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဖူလုံစွာ

အဆိုပါဖွင့်လှစ်သည့် ရေပေးရေးလုပ်ငန်းကို တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ငါးသိန်း၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ရန်ပုံငွေက ငွေကျပ် ၂၂၇၅၀၀၀၊ ကျေးရွာပြည်သူများက ငွေကျပ် ၂၁၁၅၀၀၀ ဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာနေ ပြည်သူ ၈၀၀ အတွက် သောက်သုံးရေဖူလုံစွာ ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ် ၁၅ရပ်ကွက် ဇီဇဝါဥယျာဉ်အိမ်ရာ (Town House) တိုက်အမှတ် ၅၊ အခန်းအမှတ် ဝ၂သည် မူလပိုင်ရှင် ဒေါ်စိန်မြအမည်မှ ယခုလက်ရှိ ဒေါ်ခင်စန်းနွယ်အမည်သို့ ပြောင်းပေးခဲ့ပြီး ဒေါ်ခင်စန်းနွယ်မှ ဒေါ်တင်တင်မြသို့ တန်ဖိုးသတ်မှတ်ရောင်းချခဲ့ပါသဖြင့် ဒေါ်တင်တင်မြမှ တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)သို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။**

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဝမ်းတွင်းမြို့ အမှတ် ၃ရပ်ကွက်နေ ဒေါ်စန်းစန်းတင်၏ သမီးဖြစ်သူ မသိမ့်သိမ့်ဦး ၉/ဝတန(နိုင်)၁၂၅၅၅၆သည် မိဘဆွေမျိုးတို့၏ ဂုဏ်သိက္ခာကျဆင်းအောင် အမျိုးမျိုးပြုလုပ်နေပါ၍ ၂၅-၃-၂၀၀၈ ရက်မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

ဒေါ်စန်းစန်းတင်

အမှတ်(၃)ရပ်ကွက်၊ ဝမ်းတွင်းမြို့။

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့ ကျောင်းကြီးစုရပ် မြသပိတ်လမ်း အမှတ် ၁၆ နေ ဦးမြင့်ဝေက တောင်ကြီးမြို့ ကျောင်းကြီးစုရပ် ကျောက်တလုံးလမ်းနေ ဒေါ်ကြူကြူခိုင် ၁၃/နစန(နိုင်)ဝ၂၅၃ဝ၅သို့ ၈-၁-၂၀၀၇ရက်စွဲပါ စာချုပ်အမှတ်(၂၄/၂၀၀၇)ဖြင့် လွှဲအပ်ထားခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်သည်။ **ဦးမြင့်ဝေ ၁၃/တကန(နိုင်) ဝ၅ဝ၃၇ဝ။**

(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု

မြိတ်မြို့၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၃

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထုပူးပေါင်းဆောင်ရွက်သော ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက် နံနက် ၈ နာရီခွဲက မြိတ်မြို့ ကုန်းကြီးရပ်ကွက် ကုန်သည်လမ်း၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ရွှေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှထွန်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကတ္တရာအမျိုးအစား

ထို့နောက် တိုင်းမှူးနှင့်ဧည့်သည်တော်များက ကတ္တရာလမ်းသစ်အား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။ အဆိုပါကတ္တရာလမ်းသစ်မှာ အလျား ပေ ၁၄၂၀၊ အကျယ် ၁၈ ပေရှိ ကတ္တရာလမ်းအမျိုးအစားဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၁၅ သိန်း သုံးသောင်းဖြင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာရှဘိလိယက်နှင့် စနူကာပြိုင်ပွဲ ကန်တော်ကြီးပဲလေ့ဟိုတယ်၌ ကျင်းပမည်

သတင်းမှတ်စု – သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၃

အာရှဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ရန်ကုန်မြို့ကန်တော်ကြီး ပဲလေ့ဟိုတယ်၌ ဧပြီ ၅ ရက်မှ ၁၀ ရက်အထိ နေ့စဉ်နံနက် ၁၀နာရီမှ စတင်၍ ကျင်းပမည်ဖြစ်သည်။

၁၆ နိုင်ငံ

ပြိုင်ပွဲသို့ အိမ်ရှင်မြန်မာ၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ ဘာရိန်း၊ တရုတ်၊ အီရန်၊ အိန္ဒိယ၊ ထိုင်း၊ ယူအေအီး၊ မလေးရှား၊ ကာတာ၊ စင်ကာပူ၊ ပါကစ္စတန်၊ အီရတ်၊ အင်ဒိုနီးရှားနှင့် တောင်ကိုရီးယား ၁၆ နိုင်ငံမှ ဘိလိယက်အားကစားသမား ၂၇ ဦးနှင့် စနူကာအားကစားသမား ၃၄ဦး စုစုပေါင်း ၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ချီးမြှင့်မည်

ဆုကြေးအဖြစ် ဘိလိယက်ပြိုင်ပွဲအတွက် ပထမဆုဒေါ်လာ ၁၂၀၀၊ ဒုတိယဆုဒေါ်လာ ၆၅၀၊ တတိယဆု ဒေါ်လာ ၄၀၀ နှင့် စတုတ္ထဆုဒေါ်လာ ၂၀၀ ချီးမြှင့်မည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၃ ■

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ငဝန်တံတား(မြို့ကွင်း) တည်ဆောက်ရေး ဟင်္သာတဘက်ကမ်းမှ တံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ငဝန်တံတား(မြို့ကွင်း) တည်ဆောက်ရေးလုပ်ငန်း တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက ငဝန်တံတား(မြို့ကွင်း) တည်ဆောက်ရေး ဟင်္သာတဘက်ကမ်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူးကြီးဦးကျော်လင်းက ဟင်္သာတနှင့် အင်္ဂပူဘက်ချဉ်းကပ်လမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ပင်မတံတားသံပေါင်တပ်ဆင်နေမှု၊ နန်ကသူချောင်းတံတားတည်ဆောက်နေမှု၊ တညင်ချောင်းတံတားပြင်ဆင်ရန်နှင့် ယာယီမော်တော်ယာဉ် ဖြတ်သန်းနိုင်အောင် ဆောင်ရွက်သွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် တံတားသံပေါင်တပ်ဆင်နေမှုအခြေအနေနှင့် ချဉ်းကပ်လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဆောင်ရွက်ပေးသည်။

ငဝန်တံတား(မြို့ကွင်း)ကို တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၄)မှ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး ပင်မတံတားအရှည် ၁၀၃၅ပေ၊ ချဉ်းကပ်တံတား(ဟင်္သာတ)ဘက်ကမ်း ပေ ၉၆၀၊ အင်္ဂပူဘက်ကမ်း ပေ ၈၄၀ စုစုပေါင်း ၂၈၃၅ ပေ၊

စာမျက်နှာ ၈ ကော်လံ ၁ ●

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကန်စွန်းဥစားသုံးခြင်းဖြင့် အဆစ်အမြစ်ကိုက်ဝေဒနာ သက်သာနိုင်

ကန်စွန်းဥ၏အရသာမှာ ချိုသည်။ ဆိမ့်သောအရသာလည်းရှိပြီး အနည်းငယ်လည်းဖန်သည်။ ဈေးများတွင် တစ်နှစ်ပတ်လုံးတွေ့ရှိရသော်လည်း နှစ်စဉ်နိုဝင်ဘာနှင့် ဒီဇင်ဘာလများ၌ လှိုင်လှိုင်ပေါပေါများစွာ ထွက်ရှိသည်။

ပါဝင်

ကန်စွန်းဥသည် အဖြူ၊ အဝါ၊ လိမ္မော်၊ အနီနှင့် နီညိုရောင်စသည့် အရောင် အမျိုးမျိုးရှိသည်။ ကန်စွန်းဥတွင် မင်းဂနိစ်၊ ဗီတာမင်အီး၊ မဂ္ဂနီဆီယမ်၊ ကော့ပါး၊ ဗီတာမင် B2၊ ဖောစပရပ်စ်နှင့် ကယ်လိုရီဓာတ်များ ပါဝင်ကြသည်။

ကာကွယ်ပေး

အများဆုံးပါဝင်သည့် ဓာတ်ပစ္စည်းမှာ မင်းဂနိစ်နှင့် ဗီတာမင်အီးတို့ဖြစ်ပြီး ဓာတ်နှစ်မျိုးစလုံး ၈၅ ရာခိုင်နှုန်းခန့်စီပါရှိသည်။ ကန်စွန်းဥကို သီတင်းတစ်ပတ်လျှင် တစ်ကြိမ်ခန့်ပုံမှန်စားသုံးသွားပါက ကိုယ်ခန္ဓာကြံ့ခိုင်မှုဖြစ်စေသည့်အပြင် ခန္ဓာကိုယ်တွင်း ဆဲလ်များပျက်စီးမှုအား ကာကွယ်ပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ ကင်ဆက်တက္ကသိုလ်မှ ကျန်းမာရေးဆိုင်ရာသုတေသနပညာရှင်များက ပြောကြားသည်။

လျော့ကျစေနိုင်

ထို့အပြင်ကန်စွန်းဥကို သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ခန့် သင့်တင့်မျှတစွာ စားသုံးပါက ပန်းနာနှင့်အဆစ်အမြစ်ကိုက်ခဲခြင်းရောဂါများကို ကာကွယ်ပေးနိုင်ကြောင်း၊ ဆေးလိပ်သောက်သူများအနေဖြင့် ကန်စွန်းဥ စားသုံးပေးပါက အဆုတ်ရောဂါဖြစ်ပွားမှု လျော့ကျစေနိုင်ကြောင်း ၄င်းတို့က အကြံပြုထားသည်။

မြန်မာ့အလင်း သတင်းအညွှန်း

❒ ရွှေလက်တွဲကာ ချစ်ပွဲဝင်ခဲ့ကြပါသော်လည်း. . . — ချစ်စိုးနိုင်၏ နိုင်ငံတကာမှခင်း စာ – ၄

❒ ပနားမားအကြောင်း စေ့ငုရပါသော်. . . — တိုး၏ သတင်းအက်ဆေး စာ – ၅

❒ ကလေးမြို့နယ်တွင် သဘာဝပျားမွေးမြူရေးလုပ်ငန်း အောင်မြင် — သတင်းထောက်ဘဟန် စာ – ၁၁

မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။